မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၁ ရက်၊ စနေနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၀၈)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ရွေးကောက်ပွဲများ ကျင်းပတော့မည်

ရွေးကောက်ပွဲ ပျက်ပြားစေရန်နှင့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်မှုကို အဟန့်အတားဖြစ်စေရန် ပြည်တွင်းပြည်ပအဖျက်သမားများ လှုပ်ရှားလာကြသည်ကိုတွေ့ရ

မြန်မာအလုပ်သမားကြီးများ၏ သူ့ကျွန်မခံစိတ်ဓာတ်ဖြင့် အဖျက်သမားများကိုတွန်းလှန်တိုက်ဖျက်

နေပြည်တော် မေ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၁၀ ပြည့်နှစ်၊ အလုပ်သမားနေ့သဝဏ်လွှာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ချစ်ကြည်လေးစားအပ်သော အလုပ်သမားထုကြီးခင်ဗျား -

၂၀၁၀ပြည့်နှစ်၊ မေလ ၁ရက်နေ့တွင်ကျရောက်သော အလုပ်သမားနေ့အခါသမယတွင် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှု တိုးတက်ဖြစ်ထွန်းရေးအတွက် မိမိတို့၏ ကာယ၊ ဉာဏ၊ ဝီရိယအားတို့ဖြင့် အားကြိုးမာန်တက် ဆောင်ရွက်ပေးလျက်ရှိသော အလုပ်သမားကြီးများအား ဂုဏ်ပြုသောအားဖြင့် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

တစ်တပ်တစ်အား

ယနေ့ကမ္ဘာတွင် နိုင်ငံအသီးသီးတို့သည် မိမိတို့နိုင်ငံ၏ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီး ဩဇာအရှိန်အဝါကြီးမားစေရန်နှင့် မိမိတို့နိုင်ငံ၏ပုံရိပ် ပိုမိုထင်ရှားစေရန် ကြိုးပမ်းနေကြသည်ကို တွေ့ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည်လည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် နိုင်ငံတကာအလယ်တွင် တင့်တယ်စွာရပ်တည်နိုင်ရေးအတွက် တစ်မျိုးသားလုံး၏ စုစည်းမှုအားမာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အလုပ်သမားထုကြီးကလည်း ထက်မြက်သော စွမ်းပကားဖြင့် အမျိုးသားရေးတာဝန်ကျေပွန်စွာ တစ်တပ်တစ်အား ပါဝင်ထမ်းဆောင်လျက်ရှိနေပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

မူလရရှိပြီး ဈေးကွက်ဝေစုများ မပျောက်ပျက်အောင် ဆက်လက်ကြိုးပမ်း

အရည်အသွေးမြင့်မားသည့် ဈေးကွက်ဝင်ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်

နေပြည်တော် ဧပြီ ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

၂၀၁၀ ခုနှစ် အလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏။

1-5 (01).pmd 1 5/1/2010, 1:34 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မေ ၁ ရက်)

မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်း

ကမ္ဘာပေါ်တွင် သဘာဝရတနာသိုက် သစ်တောကြီးများနှင့် နိုင်ငံအလိုက် တည်ထောင်ထားသော အမျိုးသားဥယျာဉ်ကြီးများသည် လူသားတိုင်းအတွက် ကိုယ်စိတ်နှလုံး ချမ်းမြေ့ပျော်ရွှင်မှုများကို ပေးစွမ်းနိုင်သော နေရာဒေသများဖြစ်သည်။

မြန်မာနိုင်ငံ၌ ရှေးနှစ်ပေါင်းများစွာကတည်းက သဘာဝသစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများကို အစဉ်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ခဲ့၍ သဘာဝသစ်တောကြီးများနှင့် ဇီဝမျိုးကွဲအမျိုးမျိုး ယနေ့တိုင် တည်ရှိနေသည်။

မြန်မာနိုင်ငံ၌ သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းများအနေဖြင့် ပြည်နယ်နှင့်တိုင်းအလိုက် ဖွင့်လှစ်ထားရှိရာ အချို့သော ကမ္ဘာလှည့်ခရီးသွားများသည် သဘာဝအလှအပ ပသာဒရှုခင်းများကို တွေ့မြင်ခံစားရင်း ခရီးသွားမှုကို နှစ်သက်ကြသည်။

သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းများအနက် ကချင်ပြည်နယ်တွင် အကျယ်အဝန်း ၁၄၇၂ စတုရန်းမိုင်ရှိသော ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ဒေသ၌ ရေခဲတောင်ဂေဟစနစ် ထင်းရှူးတောများ၊ သမပိုင်းသစ်တောဂေဟစနစ်များ၊ တောရိုင်းတိရစ္ဆာန်များ၊ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံများကို လေ့လာနိုင်သည်။

အလားတူ စစ်ကိုင်းတိုင်း ချပ်သင်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၌ အင်တိုင်းတောဂေဟစနစ်နှင့် ရွှေသမင်များ နေထိုင်ကျက်စားမှုတို့ကို လေ့လာနိုင်ပြီး ပဲခူးတိုင်း၌ရှိသည့် ဖိုးကျားဆင်စခန်းတွင် သဘာဝကျွန်းတောများနှင့် ဆင်များ၏သဘာဝကို လေ့လာနိုင်ကြသည်။ အခြားသော အမျိုးသားဥယျာဉ်များလည်း ပြည်နယ်နှင့်တိုင်းအနှံ့ တည်ရှိလျက်ရှိသည်။

ထို့ပြင် သဘာဝအလျောက် ဖြစ်တည်နေသော ငပလီကမ်းခြေ၊ ငွေဆောင်ကမ်းခြေ၊ ချောင်းသာကမ်းခြေ၊ စက်စဲကမ်းခြေ၊ အင်းလေးကန် စသည်တို့သည် ကမ္ဘာလှည့်ခရီးသွားများ စွဲမက်နှစ်ခြိုက်သည့် သဘာဝအလှများနှင့် ဖြစ်တည်လျက်ရှိသည်။

မျက်မှောက်ကာလတွင် ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့နိုင်ငံအသီးသီး၌ အရေးပါသည့် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ဖွံ့ဖြိုးရှင်သန်လာခဲ့သည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်းသည် ယင်းနိုင်ငံ၏ စီးပွားရေးတိုးတက်ကောင်းမွန်လာပြီး တစ်ဦးချင်း ဝင်ငွေတိုး၍ လူနေမှုအဆင့်အတန်းလည်း တိုးတက်မြင့်မားလာနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်သွားကြမည်ဆိုပါက မြန်မာ့ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁-၅-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၅ ၆။ ကဗျာပန်းဥယျာဉ်
- ၈း၂၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၃၀ ၈။ တေးဂီတအစီအစဉ်
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ Connect with English (Episode-43) (Dream Catcher)
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၃၀ ၅။ Yan Can Cook
- ၁၂း၄၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ**(အပိုင်း-၃)
- ၁၃း၄၅ ၇။ တော်ပါပေတယ် ဘွားဘွားရယ်
- ၁၄း၀၀ ၈။ သူရေးသီရာတေးကဗျာ
- ၁၄း၁၅ ၉။ အတီးပြိုင်ပွဲ
- ၁၄း၅၀ ၁၀။ International News
- ၁၅း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၄၅ ၁။ Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဆောက်သမ်းမြန်မာ F.C နှင့် ကမ္ဘောဇ F.C)
- ၅း၄၅ ၂။ တေးဂီတအစီအစဉ်
- ၆း၀၀ ၃။ ညနေခင်းသတင်း
- ၆း၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၅။ အလှရှာမယ်လှကမ္ဘာဝယ်
- ၆း၃၅ ၆။ **ယဉ်တစ်ကိုယ်မယ်** (ခိုင်ပွင့်) (ဒါရိုက်တာ-မင်းဇေယျာလင်း)
- ၇း၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိတာခွင့်လွှတ်ပါ**(အပိုင်း-၃)
- ၈း၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၂၀)
- ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **အရွယ်လွန်ချစ်အိပ်မက်** (အပိုင်း-၃)
- ၁၃။ ဂီတတံခါးလေးဖွင့်ပါဦး
- ၁၄။ အစီအစဉ်ပြီး၏။

နွေစပါးဓာတ်မြေသြဇာ စုပေါင်းကြဲပက်ပွဲအခမ်းအနား
တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တက်ရောက်

နေပြည်တော် ဧပြီ ၃၀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၆ရက်က မုံရွာ-ရေဦးကားလမ်း တစ်လျှောက် နွေစပါးစိုက်ခင်းများ၏ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ဒီပဲယင်းမြို့နယ် ဘောကျေးရွာ၌ကျင်းပသော ဓာတ်မြေသြဇာစုပေါင်းကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်ပြီး တိုင်းမှူးနှင့်အဖွဲ့သည် ရေဦးမြို့နယ် မုတ်စီကျေးရွာသို့ရောက်ရှိကြပြီး တောင်သူတစ်ဦး၏ စပါးစိုက်ခင်းအတွင်း မြေသြဇာစုပေါင်းကြဲပက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းမှူးသည် ဒေသခံတောင်သူများအားတွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

တက်ရောက်

ထိုမှ တစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ကာဘိုး-ဇီးကုန်းလမ်း ကတ္တရာခင်းကျင်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ တိုင်းမှူးသည် ဇီးကုန်းစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ အစီအစဉ်အရ ကျောင်းဆောင်သစ်ကို တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်းမှူးက ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အမှာစကားပြောကြား

ဆက်လက်ပြီး တိုင်းမှူးသည် အဆိုပါကျောင်းခန်းမဆောင်၌ ကျင်းပသည့် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူတို့က လက်ခံယူသည်။ ဆက်လက်၍ ကျောင်းသားမိဘများကိုယ်စား ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြည်သူ့ဆေးရုံ

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ကန့်ဘလူမြို့ ပြည်သူ့ဆေးရုံအတွင်းရှိ ဆေးခန်းများနှင့် ဝေဒနာရှင်လူနာများ ဆေးရုံတက်ရောက်ကုသခံယူနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၂၇ရက်က ၁၉၉၂ခုနှစ်မှ ၂၀၀၄ခုနှစ်အတွင်း ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဗဟန်းမြို့နယ် အားကစားဝင်းအတွင်းရှိ **M3 Food Centre**၌ ကျင်းပစဉ်။ (၁၃၅)

မသန်စွမ်းသူများအတွက် သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၃၀

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)က မသန်စွမ်းသူများအတွက် အလုပ်အကိုင်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းပညာသင်ကြားရေးစီမံချက်အရ မသန်စွမ်းလူငယ်များအား အင်္ဂလိပ်ဘာသာစကားပြောသင်တန်း၊ တရုတ်ဘာသာစကားပြောသင်တန်းနှင့် ကွန်ပျူတာသင်တန်းများကို အခမဲ့ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။

အဆိုပါသင်တန်းများကို လူဦးရေကန့်သတ်ထားသဖြင့် တက်ရောက်လိုသော မသန်စွမ်းသူများသည် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)ရုံးခန်း အမှတ် ၇၉၇ အခန်း ၁၀၄(ဘီ) ဗိုလ်ချုပ်အောင်ဆန်းလမ်း (ဝါးတန်းလမ်းထောင့်) မြန်မာ့အလှတာဝါ (၂) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၂၉၂၃၊၂၂၉၀၈၇၊ ၂၁၅၉၃၉၊ ၀၉-၆၈၁၈၆၉၃ နှင့် ၀၉-၅၀၃၄၄၀၄ တို့သို့ လျှောက်ထားနိုင်ကြောင်းနှင့် မသန်စွမ်းမှုများနှင့်စပ်လျဉ်း၍ စေတနာလုပ်အားဒါနပြုလိုသူများ၊ လှူဒါန်းလိုသူများနှင့် မသန်စွမ်းသူများ အသုံးပြုရန်လိုအပ်သည့် အထောက်အကူပြုပစ္စည်းများ လှူဒါန်းလိုသူများသည်လည်း အဆိုပါရုံးခန်းသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မသုံးတတ်က မီးရန်က ဒုက္ခပေးလိမ့်မည်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အလုပ်သမားကြီးများ၏ အရေးပါမှုကို အသိအမှတ်ပြုပြီး အလုပ်သမားများ၏ခံစားခွင့်နှင့် အခွင့်အလမ်းများ ပိုမိုမြင့်မားခိုင်မာစေရန် အလေးထားကာကွယ်စောင့်ရှောက်ပေးလျက်ရှိ

● *ရှေ့ဖုံးမှ*

ယင်းသို့ အလုပ်သမားထုကြီးအပါအဝင် တိုင်းရင်းသားပြည်သူအားလုံး၏ စည်းလုံးညီညွတ်သော ကြိုးပမ်းမှုကြောင့် နိုင်ငံတော်တွင် မှန်ကန်သော အမျိုးသားရေးမူဝါဒများနှင့် အမျိုးသားရေး ဦးတည်ချက်များ အကောင်အထည်ပေါ် ဖြစ်ထွန်းလျက် နိုင်ငံတော်ကြီးသည် တည်ငြိမ်အေးချမ်းမှုနှင့်အတူ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။

ဟန်ချက်ညီညီ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် စက်မှုအခြေခံသော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းလာစေရေးနှင့် ယှဉ်တွဲလျက် စက်မှုဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ကဏ္ဍ၊ သမဝါယမကဏ္ဍနှင့် တိုင်းရင်းသားပုဂ္ဂလိကကဏ္ဍများကို ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဝန်ဆောင်မှုကဏ္ဍတွင် ယနေ့နိုင်ငံတကာ၌ တိုးတက်ဖြစ်ထွန်းနေသော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အခြေခံသည့် ခေတ်မီဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးပြီး အားပေးဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်တွင် နိုင်ငံတကာအဆင့်မီ ကုန်ထုတ်လုပ်ငန်းကြီးများ၊ ဝန်ဆောင်မှုလုပ်ငန်းကြီးများ ပေါ်ထွန်းလာသည်နှင့်အမျှ အလုပ်သမားကြီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိခံစားကြရမည် ဖြစ်ပါသည်။

ကာကွယ်စောင့်ရှောက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အလုပ်သမားကြီးများ၏ အရေးပါမှုကို အသိအမှတ်ပြုပြီး လုပ်ငန်းခွင်သာယာရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေး စသည့် အလုပ်သမားများ၏ ခံစားခွင့်နှင့် အခွင့်အလမ်းများ ပိုမိုမြင့်မားခိုင်မာစေရန် အလေးထား ကာကွယ်စောင့်ရှောက်ပေးလျက် ရှိပါသည်။

ဒို့တာဝန်အရေးသုံးပါးကို ခံယူကျင့်သုံးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို ဖော်ဆောင်မည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်သော ဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ပါသည်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ရွေးကောက်ပွဲများကို ယခုနှစ်အတွင်း ကျင်းပတော့မည်ဖြစ်ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ရွေးကောက်ပွဲများအတွက် လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းပေးပြီးဖြစ်သည့်အပြင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကိုလည်း ဖွဲ့စည်းပေးထားပြီး ဖြစ်ပါသည်။

ဤသို့သော အချိန်အခါတွင် ရွေးကောက်ပွဲများ ပျက်ပြားစေရန်နှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အကောင်အထည်ဖော်မှုကို အဟန့်အတားဖြစ်စေရန် ပြည်တွင်းပြည်ပ အဖျက်သမားများက လှုပ်ရှားလာကြသည်ကို တွေ့ရှိနေရပါသည်။

လက်တွဲကြိုးပမ်း

သမိုင်းဖြစ်စဉ် အဆင့်ဆင့်တွင် အစဉ်အလာကောင်းများဖြင့် အကြိမ်ကြိမ်မှတ်ကျောက်တင်ခံနိုင်ခဲ့သည့် မြန်မာအလုပ်သမားကြီးများ၏ သူ့ကျွန်မခံစိတ်ဓာတ်၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ပိုမိုတိုးပွားခိုင်မာစေလျက် မသမာသူ အဖျက်သမားများနှင့် တိုင်းတစ်ပါး၏ စွက်ဖက်နှောင့်ယှက်မှု၊သွေးခွဲသပ်လျှိုမှုတို့ကို တွန်းလှန်တိုက်ဖျက်သွားကြရန်နှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါလမ်းစဉ် (၇)ရပ် ချောမောအောင်မြင်စွာ အကောင်အထည်ပေါ်စေရန် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါသည်။

ဆတက်ထမ်းပိုး

ယနေ့ကျရောက်သော အလုပ်သမားနေ့ အခါသမယတွင် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ နိုင်ငံသားအပေါင်းတို့၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးတို့အတွက် မိမိတို့၏ ကာယအား၊ ဉာဏအားတို့ဖြင့် ကြိုးပမ်းစွမ်းဆောင်ပေးလျက်ရှိသော အလုပ်သမားကြီးများအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြလျက် နိုင်ငံတော်၏အကျိုး၊ တိုင်းရင်းသားပြည်သူများ၏အကျိုးကို ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၅-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဓာဇဂ္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	**လူသုံးမျိုး** တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာ ကိတ္တိသာရ)
၇း၀၀	MRTV-4 သတင်း
၇း၄၅	ပေကုန်းကျေးရွာရဲ့ ရှင်ပြုအလှူ
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉၇)
၈း၃၀	Sports World (Sport Maina)
၈း၅၅	စိတ်လှုပ်ရှားစရာ နေရာလေးတစ်ခု သို့မဟုတ် Pun Hlaing Country Club
၉း၀၀	ညောင်ကန်အေး သာသနာ့ရိပ်သာမှ ကြည်နူးဖွယ်ရာ ဝိဇာတမွေးနေ့ မင်္ဂလာ
၉း၁၅	Activities in the City (မင်္ဂလာဒုံမြို့နယ် ပညာရေးမိသားစု၏ စုပေါင်းရှင်ပြုအလှူတော်)
၉း၃၀	Global Panorama သဘာဝဆေးစွမ်းအလှ
၁၀း၃၀	လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
၁၀း၃၅	တန်ဖိုးမြင့်ထုတ်ကုန် သားရေစက်ရုံ
၁၁း၀၀	သွားမယ် စားမယ် (La Brasserie)
၁၁း၃၀	သဘာဝအလှရတနာသစ်ခွကမ္ဘာ
၁၁း၄၅	**ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင်မွေးမိခင်** အကယ်ဒမီ ထွန်းထွန်းဝင်း၊ အကယ်ဒမီ မေသန်းနု၊ ဖိုးသောကြာ၊ ပပဝင်းခင်၊ [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၁၂း၀၅	ရန်ကုန်မြင်ကွင်းကျယ် (PIEC ၏ ထူးချွန်ဆုပေးပွဲ အခမ်းအနား)
၁၂း၃၀	ဆင်စွယ်ပန်းပုအခြေပြု လူ့လောကကိုအလှဆင်မည်
၁း၀၀	**လူသုံးမျိုး** တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာ ကိတ္တိသာရ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	Fashion Music Festival (Pop Fashion-2)
၃း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉၇)
၄း၀၅	လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
၄း၁၀	ကြည်လင်ဝင်းပ သဘာဝဆေးစွမ်းအလှ
၄း၂၅	လေဖြတ်ပြီးနောက်ပြန်လည်ကျန်းမာသန်စွမ်းရေးအကြောင်း သိကောင်းစရာ (ဒေါက်တာ ပန်ဒိုရာအောင်ကြီး)
၄း၅၀	စိတ်လှုပ်ရှားစရာနေရာလေးတစ်ခု သို့မဟုတ် Pun Hlaing Country Club
၅း၀၅	ညောင်ကန်အေးသာသနာ့ရိပ်သာမှ ကြည်နူးဖွယ်ရာဝိဇာတ မွေးနေ့ မင်္ဂလာ
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	သွားမယ် စားမယ် (La Brasserie)
၆း၄၅	ရန်ကုန်မြင်ကွင်းကျယ် (PIEC ၏ ထူးချွန်ဆုပေးပွဲ အခမ်းအနား)
၇း၀၅	Fashion Music Festival (Pop Fashion-2)
၇း၄၀	ပေကုန်းကျေးရွာရဲ့ ရှင်ပြုအလှူ
၈း၀၀	MRTV-4 သတင်း
၈း၂၅	Barclays Premier League Man City Vs Aston Villa
၁၀း၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉၇)
၁၀း၅၅	ACT အေးချမ်းသာ ပရဟိတကျောင်း
၁၁း၂၅	ရောင်စုံရသနီယွန်ည
၁၂း၀၀	ဆင်စွယ်ပန်းပုအခြေပြု လူ့လောကကိုအလှဆင်မည်
၁၂း၂၀	လေဖြတ်ပြီးနောက် ပြန်လည်ကျန်းမာသန်စွမ်းရေးအကြောင်း သိကောင်းစရာ (ဒေါက်တာ ပန်ဒိုရာအောင်ကြီး)
၁၂း၄၀	စိုက်ပျိုးစီးပွားဖြစ်ထွန်းဖို့ ဇီဝမြေဩဇာသုံးစွဲစို့
၁း၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၁၀	Birmingham- Burnley	ESPN (Live)
၈း၂၅	Man City- Aston Villa	ESPN (Live)
	Tottenham- Bolton	Star Sports (Live)
၁၀း၃၀	Portsmouth- Wolverhampton	Star Sports (SDD)
၁၁း၀၀	Stoke City- Everton	ESPN (SDD)

သိန်းနီငါးဆင့်ကန် ရေဟောင်းရေသစ်လဲလှယ်

သိန်းနီ ဧပြီ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးရေး ငါးဆင့်ကန် ကန်ဆေးခြင်း၊ ရေဟောင်း ရေသစ်လဲလှယ်ခြင်းကို ဧပြီ ၂၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးခင်စော ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ဓာတုဗေဒ ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ)တွင် ၁၉၈၃-၁၉၈၄ခုနှစ် ပညာသင်နှစ်၌ ဓာတုဗေဒပထမနှစ်တွင် တက်ရောက်ခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် မိတ်ဆုံစားပွဲကို ၂၀၁၀ခုနှစ် မေ ၁ရက် (စနေနေ့) ညနေ ၅ နာရီတွင် ရွှေရှမ်းကန် Restaurant ၁၃၂/ဘီ၊ အင်းလျားလမ်း University Boat Club ကမာရွတ်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ၁၉၈၃-၁၉၈၄ခုနှစ် ပညာသင်နှစ်၊ ဓာတုဗေဒပထမနှစ်ကို တက်ရောက်ခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ကိုကျော်ဦးမော် ဖုန်း-၀၉-၅၀၀၇၆၂၁၊ မဖြူဖြူအေး ဖုန်း-၃၉၄၇၄၀နှင့် မလွင်လွင်ဦး ဖုန်း-၀၉-၅၀၆၀၅၀၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

အမေ့အိမ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

နေပြည်တော် ဧပြီ ၃၀

နေပြည်တော်ပျဉ်းမနားမြို့နယ် သစ်တွန်ကျေးရွာအုပ်စု မရမ်းတောင်အောက်ကျေးရွာ အမေ့အိမ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် အလှူငွေ၊ စာအုပ်စာစောင်လှူဒါန်းပွဲကို ဧပြီ ၂၅ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)ဦးစီးအရာရှိ ဦးတင်လတ်၊ ခရိုင်ဦးစီးအရာရှိ ဦးအေးဖေ၊ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးခိုင်နှင့် ဝန်ထမ်းများ၊ ကျေးရွာဥက္ကဋ္ဌ ဦးဝင်းလှိုင်ကိုနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိက အမှာစကားပြောကြားသည်။ ထို့နောက် စာအုပ်၊ စာစောင်များနှင့် အလှူငွေများ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးဝင်းလှိုင်ကိုက ကျေးဇူးတင်စကားပြောကြားပြီး စာကြည့်တိုက်အဆောက်အအုံသစ်ကို (ရုံးချုပ်)ဦးစီးအရာရှိ ဦးတင်လတ်၊ ခရိုင်ဦးစီးအရာရှိ ဦးအေးဖေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဝင်းလှိုင်ကိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အလားတူ ဘို့မကျေးရွာ ရှုခင်းသစ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲကိုလည်း ကျင်းပခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၁၀ ဖွင့်လှစ် နိုင်ငံတကာမှ ဧည့်သည်များရောက်ရှိလာ

ရှန်ဟိုင်း ဧပြီ ၃၀

တရုတ်နိုင်ငံ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲကို ဧပြီ ၃၀ ရက်မွန်းလွဲပိုင်း၌ စတင်ဖွင့်လှစ်ပြီးဖြစ်ရာ တောင်ကိုရီးယားမှ ကိုယ်စားလှယ် ၁၅၀ ပါသည့် အဖွဲ့တစ်ဖွဲ့သည် ကုန်စည်ပြပွဲအထိမ်းအမှတ် အလံငယ်များဝှေ့ယမ်းကိုင်ဆောင်ကာ ကုန်စည်ပြပွဲကျင်းပရာ ရှန်ဟိုင်းမြို့သို့ ဧပြီ ၃၀ ရက်၌ ရောက်ရှိခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲကို မေ ၁ရက်မှ အောက်တိုဘာ ၃၁ရက်အထိ ခင်းကျင်း ပြသမည်ဖြစ်သည်။

ရောက်ရှိ

ရှန်ဟိုင်းကုန်စည်ပြပွဲ ၂၀၁၀သို့ နိုင်ငံတကာမှ ကိုယ်စားလှယ်အဖွဲ့များ တစ်ဖွဲ့ပြီးတစ်ဖွဲ့ လေကြောင်းခရီးစဉ်များဖြင့် ရှန်ဟိုင်းမြို့သို့ ရောက်ရှိလာခဲ့ကြသည်။

ကြိုဆို

ရှန်ဟိုင်းကုန်စည်ပြပွဲ ၂၀၁၀ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတကာမှ ဧည့်သည်များ တည်းခိုရာ ဟိုတယ်များတွင် ကုန်စည်ပြပွဲ လာဘ်ကောင်ဖြစ်သော ''ဟိုင်ဘို'' အရုပ်ကို ထားရှိကြိုဆိုခဲ့ကြသည်။

စီစဉ်

တောင်ကိုရီးယားအပါအဝင် ကုန်စည်ပြပွဲ တက်ရောက်လာကြသည့် ဧည့်သည်များအား ရှန်ဟိုင်းမြူနီစီပယ် ခရီးသွားဗျူရိုက ကြိုဆိုပွဲအခမ်းအနားကျင်းပပြုလုပ်ပေးသည်။ ထို့အပြင် ရှန်ဟိုင်းမြူနီစီပယ် အဖွဲ့က ရှန်ဟိုင်းကုန်စည်ပြပွဲသို့ လာရောက်မည့် ဧည့်သည်များအတွက် အထူးလေကြောင်းခရီးစဉ်များ စီစဉ်ပေးလျက်ရှိသည်။

လက်ခံကျင်းပ

တစ်ဖန် ယိုဆုမြို့ မြူနီစီပယ် အုပ်ချုပ်ရေးအဖွဲ့ကလည်း ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲသို့ လာရောက်ကြမည့် ဧည့်သည်များကို အစစအဆင်ပြေစေရန် စီစဉ်ပေးလျက်ရှိသည်။ ယိုဆုမြို့သည် ၂၀၁၂ ခုနှစ် ကမ္ဘာ့ကုန်စည်ပြပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် စီစဉ်ထားသည်။

လမ်းလျှောက်ပွဲ

ထို့အတူ ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲကို ကြိုဆိုသည့် အထိမ်းအမှတ်အဖြစ် ဟောင်ကောင်တွင် ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ အထိမ်းအမှတ်လာဘ်ကောင်ဖြစ်သည့် ''ဟိုင်ဘို'' အရုပ်နှင့်အတူ ပြည်သူများနှင့် ဧည့်သည်များက လမ်းလျှောက်ပွဲ ကျင်းပခဲ့ကြသည်။

ပြောကြား

ထိုသို့ ကမ္ဘာ့ကုန်စည်ပြပွဲအထိမ်းအမှတ်လာဘ်ကောင်''ဟိုင်ဘို''အရုပ်နှင့်အတူ လမ်းလျှောက်ပွဲကို မေ ၁ရက်မှ ၂ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ဟောင်ကောင် အရာရှိများက ပြောကြားသည်။ ရှန်ဟိုင်းကုန်စည်ပြပွဲကို ကြိုဆိုမှုအဖြစ် ဟောင်ကောင်၌လည်း အထိမ်းအမှတ်ပွဲများ ပြုလုပ်လျက်ရှိသည်။

အမ်အင်န်အေဆင်ဟွာ

ဖွင့်ပွဲအခမ်းအနား

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပသည့် ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၁၀ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၃၀ရက်က ကျင်းပရာ တရုတ်လူငယ် အမျိုးသား အမျိုးသမီးများ၏ တူညီဝတ်စုံဖြင့် ဖျော်ဖြေတင်ဆက်နေသည်ကို ဤသို့ တွေ့ရသည်။

ဆင်ဟွာဓာတ်ပုံ

သဘောတူစာချုပ် ၁၃ခု ကာတာနှင့်လက်ဘနွန် လက်မှတ်ရေးထိုး

ဘေရွတ် ဧပြီ ၃၀

လက်ဘနွန်နှင့် ကာတာနှစ်နိုင်ငံကဏ္ဍအသီးသီးတိုးမြှင့်ရေးအတွက် ရည်ရွယ်၍ သဘောတူစာချုပ် ၁၃ ခုကို ဧပြီ ၂၈ ရက်က လက်မှတ်ရေးထိုးကြသည်။

လက်ဘနွန်ဝန်ကြီးချုပ် ဆတ်ဟာရီရီနှင့် ကာတာဝန်ကြီးချုပ် ဘင်ဂျာဗာအယ်လ်သာနီတို့က ဘေရွတ်မြို့ရှိ အစိုးရအိမ်တော်တွင် လက်ဘနွန်-ကာတာအဆင့်မြင့် ပူးတွဲကော်မတီအစည်းအဝေးကိုဦးဆောင်ကျင်းပခဲ့ကြသည်။

လက်မှတ်ရေးထိုး

နှစ်နိုင်ငံ၏ စီးပွားရေးတိုးတက်စေရန်အတွက် အစည်းအဝေးကျင်းပစဉ်အတွင်း လက်ဘနွန်နှင့် ကာတာ တာဝန်ရှိပုဂ္ဂိုလ်များက သဘောတူစာချုပ် ၁၃ ခုကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ပြောကြား

အစ္စရေးနှင့် ၂၀၀၆ ခုနှစ်က စစ်ဖြစ်ပွားပြီးနောက် ကာတာက လက်ဘနွန်အား အထောက်အပံ့ပေးခဲ့မှုအပေါ် ကျေးဇူးတင်ရှိသည်ဟု ဟာရီရီကပြောကြားသည်။

ဒေသတစ်ဝန်းတည်ငြိမ်မှုရှိရန်လိုအပ်နေကြောင်း လက်ဘနွန်သည်တည်ငြိမ်သည့်နိုင်ငံဖြစ်သည်နှင့်အညီ ယင်း၏တည်ငြိမ်မှုဆက်လက်ထိန်းသိမ်းနိုင်ရန်ဆောင်ရွက်မည်ဟု ကာတာဝန်ကြီးချုပ်က ပြောကြားသည်။ **(အင်တာနက်)**

အာတိတ်ဒေသတွင်းရှိ စွန့်ပစ်ပစ္စည်းများ ရုရှားအစိုးရဖယ်ရှားမည်

မော်စကို ဧပြီ ၃၀

ရုရှားအစိုးရအနေဖြင့် အာတိတ်ဒေသအတွင်း စက်မှုစွန့်ပစ်ပစ္စည်းနှင့် အဆိပ်ရှိစွန့်ပစ်ပစ္စည်းများ ပုံမှန်ထက်ခြောက်ဆ ပိုမိုများပြားလာခြင်းကို ရှင်းလင်းရန် စီစဉ်ထားကြောင်း ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်က ဧပြီ၂၉ရက်၌ ပြောကြားသည်။

ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်

အာတိတ်ဒေသအတွင်း လောင်စာနှင့် စက်ဆီတန်ချိန် ၄၀၀၀၀ မှ ၆၀၀၀၀ ခန့်အထိ သောင်တင်စုပုံနေသဖြင့် ရှင်းလင်းရန်လိုအပ်သည်ဟု အာတိတ်သမုဒ္ဒရာအတွင်းရှိ ဖရန့်ဂျိုးဇက်ကျွန်းသို့ အလည်အပတ်ရောက်ရှိနေသော ဝန်ကြီးချုပ် ပူတင်က အီတာတက်စ်သတင်းဌာနသို့ ပြောကြားသည်။

အာတိတ်ဒေသသည် ရုရှားရေတပ်စခန်း အခြေစိုက်ရာဖြစ်သည့်အပြင် ရုရှားရေတပ်၏ ကင်းလှည့်လမ်းကြောင်းတွင်လည်း ပါဝင်သဖြင့် ရုရှားနိုင်ငံအတွက် အလွန်အရေးပါသည့် ဒေသတစ်ခုဖြစ်သည်ဟုဆိုသည်။ **အမ်အင်န်အေဆင်ဟွာ**

လွတ်လပ်စွာကုန်သွယ်ရေး တောင်ကိုရီးယားနှင့်ချီလီဆွေးနွေး

ဆိုးလ် ဧပြီ ၃၀

နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ရန်နှင့် နည်းလမ်းနှစ်သွယ် လွတ်လပ်စွာကုန်သွယ်ရေး သဘောတူစာချုပ်ကို တိုးချဲ့ချုပ်ဆိုရန်အတွက် တောင်ကိုရီးယားနှင့် ချီလီနိုင်ငံခြားရေးဝန်ကြီးတို့ သဘောတူညီကြကြောင်း ဆိုးလ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဧပြီ ၂၉ရက်၌ ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

နှစ်နိုင်ငံအနေဖြင့် လွတ်လပ်စွာကုန်သွယ်ရေး သဘောတူစာချုပ်ကို ၂၀၀၄ခုနှစ်အတွင်း၌ချုပ်ဆိုခဲ့ပြီး စွမ်းအင်နှင့်သယံဇာတကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်နိုင်မည့်နည်းလမ်းများကို ရှာဖွေသွားရန် စီစဉ်ထားသည်ဟုဆိုသည်။

နှစ်နိုင်ငံအနေဖြင့်၂၀၀၄ခုနှစ်နှင့် ၂၀၀၉ခုနှစ်အတွင်း၌ ကုန်သွယ်ရေးပမာဏ လေးဆအထိ မြင့်တက်လာခဲ့သည်။ ***အမ်အင်န်အေဆင်ဟွာ***

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့ရှိ ကားရပ်နားရာစခန်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဧပြီ ၂၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၄၃၉၄ ဦး ရှိသွားပြီဖြစ်

ဘဂ္ဂဒက် ဧပြီ ၃၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်း ဒီယာလာပြည်နယ်၌ ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း ဧပြီ ၂၈ရက်၌ အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်သည်။

သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်မှာ အမေရိကန်နိုင်ငံ မြောက်ပိုင်းတပ်မ(ယူအက်စ်ဒီ-အင်န်)အထူးမရှိန်းတပ်ဖွဲ့မှဖြစ်သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

အယ်လ်ခိုင်ဒါစစ်သွေးကြွများနှင့် အခြားသောအကြမ်းဖက်အုပ်စုများကြီးစိုးရာ ဒီယာလာပြည်နယ်၌ အမေရိကန်နှင့် အီရတ်တပ်ဖွဲ့တို့ ပူးပေါင်းစစ်ဆင်ရေး ဆင်နွှဲလျက်ရှိသည်။

တာဝန်ယူ

(ယူအက်စ်ဒီ-အင်န်)အထူးမရှိန်းတပ်ဖွဲ့သည် ဘဂ္ဂဒက်မြို့မြောက်ပိုင်း ဘာလက်ဒေသ၊ တီကရစ်ဒေသနှင့် ဆာမာရာဒေသတို့အပြင် အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကယ်ကွတ်မြို့၊ မိုဆူးလ်မြို့နှင့် နီဗန်ပြည်နယ်တို့တွင် တပ်ဖြန့်တာဝန်ယူလျက်ရှိသည်။

သေဆုံး

၂၀၀၃ ခုနှစ် အီရတ်နိုင်ငံသို့ အမေရိကန် ဦးဆောင်သောတပ်များ စတင်ဝင်ရောက်ကတည်းက အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်းမှာ ၄၃၉၄ ဦးရှိသွားပြီဖြစ်သည်။

အမ်အင်န်အေဆင်ဟွာ

တရုတ်နိုင်ငံ အလယ်ပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွား သုံးဦးသေဆုံး

ဟီနန် ဧပြီ ၃၀

တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်ပြည်နယ်တွင် ဧပြီ ၂၈ရက် နံနက်ပိုင်းက လယ်သမားတစ်ဦး၏ နေအိမ်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိက ဧပြီ ၂၉ရက် နံနက်ပိုင်း၌ အတည်ပြုပြောကြားသည်။

စုံစမ်းစစ်ဆေး

ချီနန်ပြည်နယ် တိုင်မင်မြို့နယ်ရှိ ရွာသားတစ်ဦး၏နေအိမ်တွင် ပေါက်ကွဲမှုဖြစ်ပွားခြင်းကြောင့် ၄င်းနေရာ၌ပင် သုံးဦးသေဆုံးခဲ့သည်။ ပေါက်ကွဲစေတတ်သော ပစ္စည်းများ တရားမဝင်သိုလှောင်မှုကြောင့် ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်ဟု ဒေသဆိုင်ရာရဲတပ်ဖွဲ့၏ ပဏာမစုံစမ်းစစ်ဆေးချက်အရ သိရသည်။

အမ်အင်န်အေဆင်ဟွာ

ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့ရှိ ကျောက်မျက်ရတနာပြတိုက်၌ ပြသထားသည့် ကျောက်စိမ်းရုပ်တုကို ဧပြီ ၂၉ရက်က တွေ့ရစဉ်။

(အဆိုပါရုပ်တုကို ရှန်ဟိုင်း ကုန်စည်ပြပွဲ၌ ပါဝင်ပြသမည်ဖြစ်သည်။)

(အင်တာနက်ဓာတ်ပုံ)

ဗုံးပေါက်မှု သတင်းမှားပေးသူ အီဂျစ်ရဲတပ်ဖွဲ့ ဖမ်းဆီး

ကိုင်ရို ဧပြီ ၃၀

အီဂျစ်နိုင်ငံ၏မြို့တော် ကိုင်ရိုမြို့ လယ်ရှိအယ်လ်-ဟူစိန်အဆောက်အအုံ၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားသည်ဟု လိမ်လည်သတင်းပို့သူ အသက် ၁၇နှစ်အရွယ် အမျိုးသားတစ်ဦးအား အီဂျစ်ရဲတပ်ဖွဲ့က ဧပြီ ၂၈ရက်၌ ဖမ်းဆီးလိုက်သည်။

သယ်ဆောင်လာ

အဆိုပါအမျိုးသားက ရဲတပ်ဖွဲ့သို့ ငါးကြိမ်တိုင်ဖုန်းဆက်ကြောင်း၊ ကလေးတစ်ဦးက ဖော်ပြပါဒေသသို့ ဗုံးသယ်ဆောင်လာသည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

ရှာဖွေ

ရာချီရှိသည့် ရဲတပ်ဖွဲ့ဝင်များကို ဧပြီ ၂၈ ရက်က ဖြန့်ကြက်ထားပြီး ဈေးဆိုင်များပိတ်ထားကာ ကမ္ဘာလှည့်ခရီးသည်များအား ဘေးကင်းရာသို့ ရွှေ့ပြောင်းထားရသည်။ ရဲတပ်ဖွဲ့က ယင်းဒေသရှိ ကလေးငယ်တိုင်းအား ရှာဖွေသော်လည်း ဗုံးမတွေ့ခဲ့ပေ။

ဝန်ခံ

ရဲကင်းအမျိုးသား၏ ဆဲလ်ဖုန်းမှ ခြေရာခံလိုက်ပြီး ဖမ်းဆီးခဲ့သည်။ အဆိုပါသတင်းကို နောက်ပြောင်ပြောကြားသည်ဟု ဝန်ခံသည်။ **(အင်တာနက်)**

ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး မီးသတ်ယာဉ် လွှဲပြောင်းပေးအပ်

ကျိုက်ထို ဧပြီ ၃၀

ကျိုက်ထိုမြို့နယ် သိမ်ဇရပ်စံပြကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး မီးသတ်ယာဉ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၁၁ရက် နံနက် ၈ နာရီက သိမ်ဇရပ် အထကခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွေးက မီးသတ်ယာဉ် ရေရှည်ကြံ့ခိုင်ကောင်းမွန်ရေးနှင့် အသင့်ရှိစေရေးကိစ္စများကိုလည်းကောင်း၊ သိမ်ဇရပ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဘမင်းနှင့် မီးသတ်ယာဉ်ဝယ်ယူရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းတို့က မီးသတ်ယာဉ်ဝယ်ယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ကျပ်သိန်း ၁၁၀ တန်ဖိုးရှိ ကိုယ့်အားကိုယ်ကိုး မီးသတ်ယာဉ်ကို မီးသတ်ယာဉ်ဝယ်ယူရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းက ကျေးရွာမီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘမင်းထံသို့ မီးသတ်ယာဉ်ဆိုင်ရာ စာရွက်စာတမ်းများနှင့် အတူလွှဲပြောင်းပေးအပ်ပြီး **(အပေါ်ယာပုံ)** မီးသတ်ယာဉ်ဝယ်ယူနိုင်ရေးအတွက် ဝိုင်းဝန်းလှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

သရုပ်ပြသ

အခမ်းအနားအပြီးတွင် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ရေး စွမ်းရည်သရုပ်ပြသကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အလှူငွေလှူဒါန်း

လှည်းကူးမြို့ အရှေ့မင်းလမ်း ပြည်တော်သာနေ ဗိုလ်မှူးဘမြင့်(ငြိမ်း)- ဒေါ်ခင်ညွန့်မိသားစုက ဗိုလ်မှူးဘမြင့်(ငြိမ်း)၏ မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဒုတိယဦးစီးမှူး ဦးထွန်းလွင် လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်လက်မှတ် မင်းတုန်းမြို့နယ်၌ ပေးအပ်

မင်းတုန်း ဧပြီ ၂၂

သရက်ခရိုင် မင်းတုန်းမြို့နယ် ဒေသခံအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်လက်မှတ်ပေးအပ်ပွဲကို မတ်၂၅ရက် နံနက်က ထောက်ရပ်အုပ်စု ကျီးကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသာညွန့်က အမှာစကားပြောကြားပြီး သစ်တောဦးစီးအရာရှိ ဦးအေးဝင်းက ဒေသခံအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အစုအဖွဲ့ပိုင် ဧက ၄၀၀ တည်ထောင်ခွင့် လက်မှတ်များကို ပေးအပ်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

ချောင်းဆုံမြို့နယ် စော်ကဲကျေးရွာ အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ချောင်းဆုံ ဧပြီ ၃၀

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် စော်ကဲကျေးရွာ၌ ကျေးရွာကိုယ့်အားကိုယ်ကိုး အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက်က အဆိုပါအလင်းရောင်စာကြည့်တိုက်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အလင်းရောင်စာကြည့်တိုက်ကို မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်နှင့် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးစိုးပိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးညီညီခိုင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်က စာကြည့်တိုက်၏ အကျိုးကျေးဇူးများကိုလည်းကောင်း၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆန်းဝင်းကျော်က စာကြည့်တိုက်ဖြစ်ပေါ်လာပုံများကို ရှင်းလင်းတင်ပြကြသည်။

လှူဒါန်း

ထို့နောက် စုပေါင်းအလှူရှင်များ ကိုယ်စား အလှူရှင်တစ်ဦးက စာကြည့်တိုက် ငွေပဒေသာပင်ကျပ် ၅၀၀၀၀ကို စိုက်ထူပြီး စာအုပ် ၃၀၀ ကိုလှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်မှူးတို့က လက်ခံယူကြသည်။

အကုန်အကျခံ

အဆိုပါစာကြည့်တိုက်သည် အလျား ၂၄ ပေ၊ အနံ ၁၄ ပေဖြင့် ဆောက်လုပ်ထားပြီး နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာအလှူရှင်များစုပေါင်း၍ ငွေကျပ်၁၈သိန်းကျော် အကုန်အကျခံ ဆောက်လုပ်ထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဘေးရှောင် မလောင်ခင်တား

ခင်ဦးမြို့နယ်၌ စန်းသော်တာတံတားဖွင့်

ခင်ဦး ဧပြီ ၃၀

ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ခင်ဦး-ကွမ်းတိုင်း စန်းသော်တာတံတားဖွင့်ပွဲကို မတ် ၂၇ရက် ညနေ ၄နာရီကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်လွင်က အဖွင့်အမှာစကား ပြောကြားသည်။

ဖွင့်လှစ်

ဆက်လက်၍ တံတားသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်လွင်၊ ဆည်မြောင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြင့်သန်းနှင့် အလှူရှင် ဦးမြင့်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)** အဆိုပါတံတားမှာ သံကူကွန်ကရစ် နှစ်ထပ်တံတားအမျိုးအစားဖြစ်ပြီး အလျား ၈၅ပေ၊ အနံ ၁၅ ပေရှိပြီး တန်ဖိုးငွေကျပ်သိန်း ၄၅၀ ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ကမ္ဘောဒီးယားဝန်ကြီးချုပ် တရုတ်ကုန်စည်ပြပွဲတက်ရောက်

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်သည် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ဧပြီ ၃၀ရက်ကကျင်းပသည့် ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြောင်း ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ဧပြီ ၃၀ရက်၌ သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှား၌ သောက်သုံးရေသန့်ဖူလုံရေးဆောင်ရွက်

အင်ဒိုနီးရှားနိုင်ငံတွင် သောက်သုံးရေသန့်သုံးစွဲနိုင်မှုမှာ ပြည်သူအားလုံး၏ ၆၀ ဒသမ ၃ ရာခိုင်နှုန်းသာရှိနေရာ သောက်သုံးရေဖူလုံစွာရရှိနိုင်ရေးအတွက် အစိုးရက စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း ဧပြီ ၃၀ရက်၌ အင်ဒိုအရာရှိများက ပြောကြားသည်။

အမေရိကန် ဝက်စ်စတာမြို့အနီး မိုင်းတွင်းပြိုကျ

အမေရိကန်နိုင်ငံ ဝက်စ်စတာမြို့အနီးရှိ မီတာ ၇၀၀၀နက်သော သတ္တုမိုင်းတွင်းတစ်တွင်း ဧပြီ ၃၀ရက်က ရုတ်တရက်ပြိုကျမှုဖြစ်ပွားခဲ့ကြောင်း၊ မိုင်းလုပ်သားနှစ်ဦး ပျောက်ဆုံးနေသော်လည်း အများအပြားကို ကယ်ဆယ်နိုင်ခဲ့ကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။

တရုတ်သမ္မတနှင့် ကာဇက်စတန်ဝန်ကြီးချုပ်တို့တွေ့ဆုံ

တရုတ်သမ္မတ ဟူကျင်ထောင်းသည် တရုတ်နိုင်ငံသို့ အလည်အပတ်ခရီး ရောက်ရှိနေသည့် ကာဇက်စတန်နိုင်ငံဝန်ကြီးချုပ် ကာရင်မာစီမော့ဗ်နှင့် ရှန်ဟိုင်းမြို့တွင် ဧပြီ ၃၀ရက်က တွေ့ဆုံကာ နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ရုရှားမြောက်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ရုရှားနိုင်ငံမြောက်ပိုင်း ကော့ကေးဆပ်ဒေသ ဒါဂတ်စတန်မြို့တွင် ဧပြီ ၃၀ရက်၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး အခြား ၁၇ ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရုရှားအရာရှိများက ပြောကြားသည်။ ***(အောက်ပုံ)***

ဂျပန်၌ အလုပ်လက်မဲ့နှုန်းမြင့်တက်လာ

ဂျပန်နိုင်ငံတွင် စီးပွားရေးမြင့်တက်မှုနှုန်း နှေးကွေးနေရာ ပြီးခဲ့သည့် မတ်လက အလုပ်လက်မဲ့နှုန်း ၅ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း ဂျပန်အလုပ်သမားဝန်ကြီးဌာနက ဧပြီ ၃၀ ရက်၌ သတင်းထုတ်ပြန်သည်။

တရုတ်၌ မြေအောက်ရထားလမ်းသစ် တည်ဆောက်

တရုတ်နိုင်ငံ ခရိုင်သုံးခရိုင်ဖြစ်သည့် ဖန်တိုင်၊ ချောင်ဂုမ်နှင့် ချောင်ယန်တို့ကို ဖြတ်သန်းတည်ဆောက်မည့် အရှည် ၄၇ ဒသမ ၇ ကီလိုမီတာရှိသည့် မြေအောက်ရထားလမ်းသစ်ကို တရုတ်အင်ဂျင်နီယာများက တည်ဆောက်နေကြောင်း တရုတ်အရာရှိများက ဧပြီ ၃၀ရက်၌ ပြောကြားသည်။

အီရန်က ရန်သူ့လက်နက်များအား ဖျက်ဆီးနိုင်ဟုဆို

အီရန်နိုင်ငံအပေါ် မည်သည့်နိုင်ငံမဆို တိုက်ခိုက်လာပါက အီရန်ကရန်သူ့လက်နက်များကို ထိရောက်စွာဖျက်ဆီးနိုင်ကြောင်း အီရန်သမ္မတ အာမတ်ဒီနီဂျက်က ဧပြီ ၃၀ရက်၌ သတိပေး ပြောကြားသည်။

တောင်အာဖရိက၌ နေစွမ်းအင်စီမံကိန်းစတင်

တောင်အာဖရိက၌ နေစွမ်းအင်အသုံးပြုရေးစီမံကိန်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေကြောင်း၊ ၂၀၁၄ခုနှစ်၌ နေစွမ်းအင်အသုံးပြုမှုအပေါ် အဓိကအခြေပြုသွားရန် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း တောင်အာဖရိက စွမ်းအင်အရာရှိများက ဧပြီ ၃၀ရက်၌ ပြောကြားသည်။

(အင်တာနက်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ NEWJEC Inc. တို့ In-House Engineering Services အတွက် Agreement of Consulting Services လက်မှတ်ရေးထိုးကြစဉ်။
(သတင်းစဉ်)

အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း၏ ကွန်ကရစ်လုပ်ငန်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

နေပြည်တော် ဧပြီ ၃၀

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ NEWJEC Inc.တို့ In-House Engineering Services အတွက် Agreement of Consulting Services လက်မှတ်ရေးထိုးခြင်းနှင့် High Tech Concrete Technology Co., Ltd. တို့ အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း၏ ကွန်ကရစ်လုပ်ငန်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ NEWJEC Inc. မှ President and Director Mr. Masaki MATSUMOTO နှင့်အဖွဲ့ဝင်များ၊ High Tech Concrete Technology Co., Ltd. မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အပြန်အလှန်လဲလှယ်

ရှေးဦးစွာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်နှင့် ဂျပန်နိုင်ငံ NEWJEC Inc. မှ Director and General Manager Mr. Yukao TANAKA တို့သည် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် Agreement of Consulting Services အတွက် စာချုပ်များကိုလက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း၏ ကွန်ကရစ်လုပ်ငန်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်နှင့် High Tech Concrete Technology Co., Ltd. မှ တာဝန်ရှိသူတို့သည် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြကာ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနနှင့် High Tech Concrete Technology Co., Ltd. တို့ အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း၏ ကွန်ကရစ်လုပ်ငန်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြစဉ်။
(သတင်းစဉ်)

မြန်မာ့သစ်မာပရိဘောဂပြပွဲ -၂၀၁၀ ကျင်းပ

ရန်ကုန် ဧပြီ ၃၀

သစ်တောရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းတို့က ပူးပေါင်း၍ မြန်မာ့သစ်မာပရိဘောဂပြပွဲ -၂၀၁၀ကို မေ ၁ရက်မှ ၃ရက်အထိ ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ခင်းကျင်းပြသမည်ဖြစ်ရာ အင်၊ ကညင်နှင့် အခြားသစ်မာများဖြင့် ပြုလုပ်ထားသော ပရိဘောဂပစ္စည်းများ၊ အိမ်သုံး၊ ကျောင်းသုံး၊ ရုံးသုံး၊ စာသင်ခန်းသုံး ပရိဘောဂပစ္စည်းများနှင့် သစ်အရောင်တင်ဆီနှင့် သုတ်ဆေးများ ပါဝင်မည်ဖြစ်သည်။

ပရိဘောဂများ

ပြပွဲတွင် ပြည်သူများ ဈေးနှုန်းသက်သာစွာဝယ်ယူနိုင်ရေးကို ဦးတည်လျက် ကျွန်းသစ် အစားထိုး သစ်မာများဖြင့် ပြုလုပ်ထားသော ပရိဘောဂများကိုသာ ပြည်တွင်းဈေးကွက်ကို ဦးတည်၍ ပြသမည်ဖြစ်သည်။

ပြပွဲသို့လာရောက်ကြည့်ရှုသူများ အဆင်ပြေချောမွေ့စေရန် မြန်မာကွန်ဗင်းရှင်းစင်တာသို့ မော်တော်ယာဉ်လိုင်းများဖြစ်ကြသည့် ၄၃၊ ၅၁၊ ၁၂၈နှင့် ၂၀၂တို့က ပြပွဲရက်အတွင်း ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ်အတွဲ (၇)၊ အမှတ် (၉) ဖြန့်ချိ

ရန်ကုန် ဧပြီ ၃၀

ကဆုန်လ ပြီသရာသီ အခါသမယတွင် စကားပန်းရနံ့များနှင့်အတူ ကျေးလက်နေပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတ အဖြာဖြာတို့ကို စုံလင်စွာ ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ (၇)၊ အမှတ်(၉) ကို မေ ၁ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် သီးနှံစိုက်စွမ်းအားမြင့်မားရေး မိုးစပါးစိုက်ချိန်မှန်ကိုရွေး၊ ပဲဈေးကွက် အလားအလာကောင်းများရှိနေ ယခင်ထက် တိုးချဲ့စိုက်ရန် စိတ်ဝင်စား၊ ချင်းစိုက်ပျိုးနည်း၊ ဆေးဖက်ဝင် သစ်ခွအစ ဒိုးကွင်းခြံက၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ရော်ဘာပင်များ စိုက်ပျိုးပေးစသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ဆိတ်တွင် အဖြစ်များသောရောဂါများ၊ နို့စားနွား ရွေးချယ်မွေးမြူတတ်စေရန်၊ ဘဲအုပ်က တစ်ရာနှစ်ရာ၊ ကြက်ခြံဆောက်ခြင်းနှင့် ပတ်သက်၍ သိမှတ်ဖွယ်ရာများ စသည့် မွေးမြူရေးဆောင်းပါးများ၊ အစားအစာနှင့် အာဟာရချို့တဲ့မှု၊ နွေရာသီတွင် အဖြစ်များသောရောဂါ နှာခေါင်းသွေးလျှံနာ၊ ဆေးဖက်ဝင်သော သခွားသီး၊ ဝမ်းပျက်ဝမ်းလျှောရောဂါ သတိပြုပါ၊ ကျောက်ကပ်ရောဂါ အခြေခံသိစရာများ စသည့် ကျန်းမာရေးဆောင်းပါးများ၊ သမိုင်းတွင်မည့် ငမိုးရိပ်လျှပ်စစ်ရေတင်၊ အာဆီယံနိုင်ငံများ အကြား အပြန်အလှန်တင်သွင်းသော ကုန်စည်များအတွက် အကောက်ခွန် လျှော့ပေါ့ခံစားခွင့်များစသည့် အသိပညာပေး သုတဆောင်းပါးများ၊ ယနေ့နိုင်ငံရေး အခြေအနေနှင့်ပတ်သက်၍ အတိတ်က မြန်မာနိုင်ငံ၏ အကွဲအပြဲများက ရာဇဝင်တွင် စာတင်နိုင်ခဲ့၊ ပါတီစုံစနစ်မှ တစ်ပါတီစနစ်သို့သည်မှ ပါတီစုံစနစ်သို့ (၂) စသည့် နိုင်ငံရေးဆောင်းပါးများ၊ မြောက်ကိုရီးယားနိုင်ငံအကြောင်း သိကောင်းစရာ၊ အာရှနိုင်ငံများ၏ စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးရန် အလားအလာကောင်းများ မျှော်လင့်နိုင်ပြီ၊ လျှပ်စစ်စွန့်ပစ်ပစ္စည်းများက ကမ္ဘာကြီးကို ခြိမ်းခြောက်စပြုနေပြီဖြစ် စသည့် နိုင်ငံတကာ သတင်းဆောင်းပါးများ၊ အားကစားသတင်းများနှင့် သီချင်းဆိုနေရရင် ပျော်နေတာမို့ အမြဲသီချင်းဆိုဖြစ်နေမှာပါဆိုတဲ့ အဆိုတော် သရုပ်ဆောင် မေဆွိနှင့် တွေ့ဆုံခြင်း စသည့် အနုပညာသတင်းများ၊ ကမ္ဘာ့ရွာထဲမှ မြန်မာ့ရွာလေ့ ဘယ်ရွာပြိုင်၍ နိုင်ပါခြိမ့် ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ်-၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆နှင့် ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။ ***(သတင်းစဉ်)***

ပေါ့ဆမီးကြောင့် မုဒုံမြို့နှင့် ပေါင်းတည်မြို့နယ်တို့၌ မီးလောင်

မီးသတိပေးချက်များ တိတိကျကျလိုက်နာရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်

နေပြည်တော် ဧပြီ ၃၀

မွန်ပြည်နယ် မုဒုံမြို့ မြို့မ (၁)ရပ်ကွက် သဘော်ဦးရပ် ဘုရင့်နောင်လမ်း၌ ဧပြီ ၂၆ရက် ညနေ ၃နာရီ မိနစ် ၄၀ခန့်က ဓာတ်ဆီများ ထည့်ထားသော ပလတ်စတစ်ပုံးမှ မီးစတင်လောင်ကျွမ်းခဲ့သဖြင့် နေအိမ်နှစ်လုံး မီးကူးစက်လောင်ကျွမ်းခဲ့ပြီး လူငယ်တစ်ဦး မီးဟပ်ဒဏ်ရာ အချို့ရရှိခဲ့ကြောင်း သိရသည်။

ပေါင်းတည်

အလားတူ ပဲခူးတိုင်း ပေါင်းတည်မြို့နယ် မကျီးစမ်းကျေးရွာအုပ်စု မကျီးစမ်းကျေးရွာ၌ ဧပြီ ၂၆ရက် ညနေ ၅နာရီခွဲခန့်က ထမင်းဟင်းချက်ပြုတ်ရာမှ မီးစတင်လောင်ကျွမ်းပြီး နေအိမ် ခုနစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ လူ၊ တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ လူ ၂၆ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သိရှိရသည်။

လိုက်နာဆောင်ရွက်

အထက်ပါ မီးလောင်ကျွမ်းမှုဖြစ်စဉ်နှစ်ခုစလုံးမှာ ပေါ့ဆမှုကြောင့် ဖြစ်ရသဖြင့် မီးလောင်ကျွမ်းမှု မဖြစ်ပွားစေရေး မီးသတိပေးချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက သတိပေး နှိုးဆော်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁-၅-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇:၄၀	၇။	ခါသကြိန်အဆို အကများ
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀	၁။	မြဝတီအဖွင့်
၁၁:၀၅	၂။	အဖွင့်သီချင်း
၁၁:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၀၀	၄။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ယုန်ကလေးရဲ့ ကိုယ်** မြင့်မြတ်၊ မေကဗျာ (ဒါရိုက်တာ-မီးပွား)
၁၃:၃၀	၅။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၄:၀၀	၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၃၀)

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၃၀	၃။	ချစ်သူစုံတွဲ တူယှဉ်နွဲ
၄:၃၅	၄။	မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၄၅	၅။	မြန်မာသံစဉ် ချိုနားဝင်
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၀၀	၇။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၂၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၀	၉။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၂။	လျှပ်တစ်ပြက်
၆:၃၀	၁၃။	စားဖို ဆောင် ချစ် သူ
၆:၄၅	၁၄။	ထူးခြားဆန်းပြား ကမ္ဘာ့တစ်လွှား
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့ သူ့ရဲကောင်း** (အပိုင်း-၅)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	လူရွှင်တော်စတား
	၂၁။	အင်္ဂလိပ်စာသုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၄၂)
	၂၄။	**နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၂၂)

ဟိုတယ် ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ ဖွင့်မည်

ရန်ကုန် ဧပြီ ၃၀

နိုင်ငံတကာရှိ ဟိုတယ်ကြီးများနှင့် အပျော်စီးသင်္ဘောလိုင်းများ၌ ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် AKP International Hotel & Tourism Centre က အစားအစာနှင့် အဖျော်ယမကာ တည်ခင်းဝန်ဆောင်မှုသင်တန်း၊ အစားအစာချက်ပြုတ် ပြင်ဆင်မှုသင်တန်း၊ ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင် ထိန်းသိမ်းရေးဝန်ဆောင်မှု သင်တန်းနှင့် ဟိုတယ် အင်္ဂလိပ်စကားပြောသင်တန်းများကို ထိရောက်စွာ သင်ကြားပေးလျက်ရှိသည်။

ထပ်မံဖွင့်လှစ်

အဆိုပါ သင်တန်းများအနက် အခွင့်အလမ်းကောင်းများစွာရရှိသော ဟိုတယ်သင်တန်းများကို ရွေးချယ်တက်ရောက်လာကြရာတွင် စားဖိုမှူးအလုပ်အကိုင်သည်လည်း လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း တစ်ရပ်ဖြစ်လာသောကြောင့် အဆိုပါသင်တန်းကို စိတ်ဝင်စားသူ မြန်မာလူငယ်များအတွက် AKP International Hotel & Tourism Training Centre က Food Safety, Personal Hygiene & Grooming, Safety at Work, International Cooking Techniques, European Cuisine, Asian Cuisine နှင့် International Cuisine သင်တန်းများကို မေ ၃ရက်တွင် သင်တန်းခွဲသစ်တစ်ခု ထပ်မံဖွင့်လှစ်မည်ဖြစ်သည်။

ဆက်သွယ်စုံစမ်း

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းများတွင် ဝန်ထမ်းများလိုအပ်ပါက အခမဲ့ဝန်ဆောင်မှုပေးမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် အမှတ်(၂၁၈) ၃၁လမ်း အထက်ဘလောက် ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ e-mail: akp. international @gmail. com ဖုန်း-၂၅၄၅၄၁နှင့် ၂၅၀၄၈၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

✻ ကျော်ဖုံးမှ

ပုသိမ်-သလပ်ချာ-မော်တင်စွန်းလမ်းသည် ၁၉၈၆-၁၉၉၀ခုနှစ်မှစတင်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တစ်ကြောင်းထိုးလမ်းအဖြစ် ပုသိမ်-ချောင်းသာလမ်း(ဂျက်ကာလမ်းခွဲ) မိုင်(၀/၀) မှ စတင်ဖောက်လုပ်ခဲ့သောလမ်းဖြစ်ပြီး ယခင်ကနွေရာသီမှလွဲ၍ ကားမောင်းမရသောလမ်းဖြစ်သည်။ ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် အဆိုပါ ပုသိမ်-သလပ်ချာ-မော်တင်စွန်းလမ်းကို ရာသီမရွေး တန်(၄၀)ခံနိုင်ဝန်ရှိသော ကတ္တရာလမ်းအဖြစ် မိုးမကျမီအပြီးဖောက်လုပ်လျက်ရှိကြောင်းသိရ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ စွမ်းပကားကို ဂုဏ်ပြုသတင်းဆောင်းပါး ရေးသားဖော်ပြနိုင်ရန် ရန်ကုန်မှ ဧရာဝတီတိုင်း ပုသိမ်သို့ ကားလေးတစ်စီးဖြင့် သကြၤန်အပြီး နှစ်ဆန်း ၂ရက်က ခရီးထွက်ခဲ့သည်။

ရန်ကုန်-ပုသိမ်လမ်းသည် ဧရာဝတီတိုင်းတွင် ၂၀၀၈ ခုနှစ်က ဖြစ်ပွားခဲ့သော နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးကတည်းက ချို့ယွင်းပျက်စီးခဲ့ကြောင်း ကြားသိရ၍ မရောက်ဖြစ်ခဲ့သော်လည်း ယခုသွားတော့ လမ်းသည်ဖြောင့်ဖြူးကောင်းမွန်လှသဖြင့် ကျွန်တော်တို့ ကားကလေးသည် ရန်ကုန်မှပုသိမ် ကားနှင့် ခရီးစဉ်တွင် သုံးနာရီခွဲသာ ကြာခဲ့သည်။ ပုသိမ်တွင် ညအိပ်ရန်အတွက် ပုသိမ်ဟိုတယ်၌ အခန်းယူပြီးနောက် ပုသိမ်-သလပ်ချာ- မော်တင်စွန်းလမ်းတွင် အဖွဲ့လိုက်လမ်းဖောက်လုပ်ရေးလုပ်ငန်းကို တာဝန်ယူကွပ်ကဲနေသည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး (လုပ်ငန်း) ဦးဝင်းတင့်နှင့် တွေ့ဆုံရန် လုပ်ငန်းခွင်တစ်ခုဖြစ်သော စိန်တောင်စခန်းသို့ ဆက်လက်ထွက်ခွာခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မိမိနိုင်ငံ၏ ပကတိပထဝီဝင် အနေအထားအရ နိုင်ငံတော်၏လိုအပ်ချက်များကို အစွမ်းကုန်ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ရှေးရှုလျက် လမ်းများအသစ်ဖောက်လုပ်ခြင်း၊ လက်ရှိလမ်းများ

ပုသိမ်-သလပ်ချာ-မော်တင်စွန်းလမ်းတွင် အပြီးသတ်ကတ္တရာခင်းရန် ကျောက်များကို လမ်းကြိတ်စက်ဖြင့် ကြိတ်နေစဉ်။

အဆင့်ဆင့်တိုးချဲ့ ပြုပြင်ထိန်းသိမ်းခြင်းစသည့် လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအဖြစ် ကွန်ရက်လမ်းမကြီးများဖြစ်သော

(၁)	မအူပင်-ရေလဲကလေး-ရွှေတောင်မှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း	၄၃ မိုင် ၅ ဖာလုံ
(၂)	မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းကောက်-ပြင်စလူလမ်း	၆၉ မိုင် ၃ ဖာလုံ
(၃)	လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်း	၃၅ မိုင် ၂ ဖာလုံ
(၄)	လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း	၃၉ မိုင် ၈ ဖာလုံ
(၅)	ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီလမ်း	၄၁ မိုင် ၂ ဖာလုံ
(၆)	ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း	၃၈ မိုင် ၅ ဖာလုံ
(၇)	ဖျာပုံ-ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာလမ်း	၅၁ မိုင် ၅ ဖာလုံ
(၈)	ကျုံကဒွန်း-စက်ဆန်းလမ်း	၁၉ မိုင် ၁ ဖာလုံ
(၉)	ပုသိမ်-သလပ်ချာ-မော်တင်စွန်းလမ်း	၉၆ မိုင် ၀ ဖာလုံ
(၁၀)	ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-မြောင်းမြလမ်း	၆၈ မိုင် ၇ ဖာလုံ

စသည်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယခုဖောက်လုပ်လျက်ရှိသောလမ်းမှာ အမှတ် (၉) ပုသိမ်-သလပ်ချာ-မော်တင်စွန်းလမ်းဖြစ်သည်။ အဆိုပါလမ်းမှာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းမှဖြစ်ပြီး တည်နေရာမှာ ပုသိမ်မြို့အနောက်ဘက် ၁၅ မိုင်ခန့်အကွာ ပုသိမ်မြို့နယ်၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နယ်တို့ကို ဖြတ်သန်းပြီး မြောက်နှင့်တောင် သွယ်တန်းနေသည့် လမ်းကြောင်းဖြစ်သည်။ လမ်းအုကြောင်းမှာ သစ်တိုပင်၊ ဂျက်ကာ၊ စိန်တောင်၊ ငရုတ်ကောင်းတောင်၊ ပိုးလောင်း၊ ငပြေမ မှ မော်တင်စွန်းအထိ ဖြစ်သည်။

လမ်းအမျိုးအစားနှင့် လက်ရှိလမ်းအခြေအနေ

ပုသိမ်-သလပ်ချာ-မော်တင်စွန်းလမ်းသည် မိုင် (၀/၀) မှာ (ပုသိမ်-ချောင်းသာ) လမ်းပေါ်မှစတင်၍ မိုင် (၁၁/၀)မှာ (ပုသိမ်-ငွေဆောင်)လမ်းပေါ်တွင် ကျရောက်ပါသည်။ မိုင် (၁၁/၀) မှ မိုင် (၁၂/၀)မှာ (ပုသိမ်-ငွေဆောင်) လမ်းပေါ်၌ရှိပြီး ယင်းလမ်းသည် ၁၂ပေ အကျယ် ကတ္တရာလမ်းဖြစ်သည်။ မိုင် (၁၂/၀) မှ မိုင် (၁၈/၄) အပိုင်းတွင် ချောင်းကျောက်စရစ် လေးလက်မထုအပေါ်တွင် ခွဲကျောက် လေးလက်မထုခင်းသော ၁၂ပေ အကျယ်လမ်းဖြစ်သည်။ မိုင်(၁၈/၄) မှ မိုင် (၅၀/၀) အထိ လမ်းအပိုင်းတွင် ချောင်းကျောက်စရစ် နှစ်လက်မမှ သုံးလက်မအထူခင်းထားသော ၁၂ ပေခန့်အကျယ် လမ်းဖြစ်သည်။ မိုင် (၅၀/၀) မှ မိုင် (၅၇/၀) အပိုင်းသည် မြေပြန့်အပိုင်းဖြစ်၍ အချို့နေရာများတွင် လယ်ကွင်းအတွင်း လမ်းအုကြောင်းကျရောက်လျက်ရှိသည်။ မိုင် (၅၇/၀) မှ မိုင် (၇၉/၀) သည် တောင်ပေါ်အပိုင်းဖြစ်ပြီး မိုင် (၇၉/၀) မှ မိုင် (၉၆/၀) မှာ မြေပြန့်အပိုင်းဖြစ်သည်။ လမ်းတစ်လျှောက်ဖြတ်မြေများရှိသကဲ့သို့ မူလလမ်းအောက်ခံမြေပေါ်တွင် တိုက်ရိုက်ဖောက်လုပ်ထားသော လမ်းဖြစ်၍ တံတားချဉ်းကပ်နေရာမှအပ ဖို့မြေအပိုင်း မရှိပါ။ လယ်ကွင်းများ၊ မြေပြန့်များတွင် လမ်းတာပေါင်မြှင့်ထားခြင်းမရှိဘဲ မိုးတွင်းကာလတွင် ရေလွှမ်းမိုး၍ သွားလာရန် ခက်ခဲပါသည်။ မိုင် (၅၀/၀)မှ မိုင် (၉၆/၀) တွင် မြေသားလမ်းအဆင့်သာရှိသည်။ ယခုအခါ အဆိုပါလမ်းကို တန် (၄၀)ရှိသော မော်တော်ကားများ အသုံးပြုသွားလာနိုင်ရန်အတွက် -

(၁)	လမ်းအရှည်	။	၉၆/၀မိုင်
(၂)	လမ်းတာပေါင်အကျယ်	။	၃၄ပေအကျယ်
(၃)	ယာဉ်သွားလမ်းအကျယ်	။	၁၂ပေအကျယ် ဆောင်ရွက်လျက်ရှိသည်။

(၄) လမ်းအမြင့်မှာ တောင်ပေါ်လမ်းဖြစ်သည်။ မြေဖြတ်ခြင်း၊ မြေဖို့ခြင်းလုပ်ငန်းများနှင့် အချို့လယ်ကွင်းများကိုဖြတ်သည့်နေရာတွင် လမ်းအမြင့် သုံးပေခန့်ရှိသည်။

(၅) လမ်းပခုံးအကျယ် ။ ယာဉ်သွားလမ်းအကျယ်မှ ဝဲ၊ယာ တစ်ဖက်တစ်ချက် သုံးပေစီ အမာခံလမ်းပခုံး ဆောင်ရွက်လျက်ရှိသည်။ (မြေသားလမ်းပခုံး အပါအဝင် ကိုးပေ ဖြစ်ပါသည်။)

အဆိုပါ ပုသိမ်-သလပ်ချာ-မော်တင်စွန်းလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဦးဝင်းတင့် ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး (လုပ်ငန်း)က ဦးဆောင်ပြီး အင်ဂျင်နီယာချုပ် နှစ်ဦး၊ ဒုတိယအင်ဂျင်နီယာချုပ် သုံးဦးတို့နှင့် ကြီးကြပ်ကွပ်ကဲလျက်ရှိကြောင်း သိရသည်။

စာရေးသူသည် စိန်တောင်လမ်းဖောက်လုပ်ရေးစခန်း ကွပ်ကဲမှုရုံးတွင်တွေ့ရသော ဦးဝင်းတင့် ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(လုပ်ငန်း)နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းသုတေသနမှ ဒုတိယအင်ဂျင်နီယာမှူးကြီး(လမ်း)ဒေါ်လှလှသွယ်၊ အင်ဂျင်နီယာမှူး(လမ်း)ဦးစိုးထွန်းနိုင်တို့နှင့်အတူ ဖောက်လုပ်လျက်ရှိသော ပုသိမ်-သလပ်ချာ-မော်တင်စွန်းသို့ ဆက်လက် သွားရောက်ခဲ့ရာ ကတ္တရာလောင်းလျက်ရှိသော လမ်းများနှင့် တည်ဆောက်လုပ်ကိုင်လျက်ရှိသော ၆မိုင် ၄ ဖာလုံတွင် ရေဆိုးကြီးတံတား၊ ၁၅ မိုင် ၆ ဖာလုံတွင် ကိုင်းချောင်းတံတား၊ ၁၇ မိုင် ၇ ဖာလုံတွင် တတန်ကူးတံတား၊ ၂၁ မိုင် ၆ ဖာလုံတွင် သပြေချောင်းတံတား၊ ၂၈ မိုင် ၅ ဖာလုံတွင် ကွင်းချောင်းတံတား၊ ၄၉ မိုင် ၄ ဖာလုံတွင် လိပ်ကြည့်တံတား၊ ၅၂ မိုင် ၃ ဖာလုံတွင် တည်ချောင်းတံတား၊ မြစ်တစ်ရာတံတားတို့ကို တွေ့ခဲ့ရသည်။

ဆောက်လုပ်ရေး၏စွမ်းပကားကိုပြ၍ ဖောက်လုပ်နေသောလမ်းဟု ဆိုလောက်ပေသည်။ လမ်းတစ်လျှောက်တွေ့ခဲ့ရသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မအူပင်ခရိုင်၊ ဖျာပုံခရိုင်၊ လှိုင်းဘုန်းအဖွဲ့၊ လမ်းအထူးအဖွဲ့(၂)၊ ဟသ်ာတခရိုင်၊

ပုသိမ်-သလပ်ချာ-မော်တင်စွန်းလမ်းကို စက်ကြီးများဖြင့် ကတ္တရာလောင်းလျက်ရှိသည်ကို ဤသို့ တွေ့ခဲ့ရသည်။

ပုသိမ်-သလပ်ချာ-မော်တင်စွန်းလမ်းကို သတ်မှတ်ရက်အတွင်းပြီးရန် ဆောက်လုပ်ရေး အဖွဲ့အစည်းအသီးသီးနှင့် ကုမ္ပဏီများမှ လမ်းလုပ်သားများ အင်တိုက်အားတိုက် ဆောင်ရွက်နေကြစဉ်။

လေယာဉ်ကွင်းအထူး အဖွဲ့(၂)၊ လမ်းအထူးအဖွဲ့(၁၅)၊ သာယာဝတီခရိုင်၊ ပုသိမ်ခရိုင်၊ တံတားအထူးအဖွဲ့(၁)၊ တံတားအထူးအဖွဲ့(၁၃)၊ ပဲခူးခရိုင်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ မြောင်းမြခရိုင်၊ လမ်းအထူးအဖွဲ့(၄)၊ လမ်းအထူးအဖွဲ့(၁၆)၊ မန္တလေးခရိုင်၊ တံတားအထူးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၅)၊ မိတ္ထီလာခရိုင်၊ လမ်းအထူးအဖွဲ့(၇)၊ အဆောက်အအုံအထူးအဖွဲ့(၃)၊ အဆောက်အအုံအထူးအဖွဲ့(၅)၊ လမ်းအထူးအဖွဲ့(၁၃)၊ တံတားအထူးအဖွဲ့(၃)၊ တံတားအထူးအဖွဲ့(၁၁) အဖွဲ့ပေါင်း (၂၇) ဖွဲ့ရှိသည်။ ကုမ္ပဏီများဖြစ်ကြသည့် အေးရှားဝေါလ်၊ မြန်မာအီဝါတနီ၊ ပက်လင့်ခ်၊ ဇေယျာအင်ဂျင်နီယာ၊ အေအေဂလိုဘယ်၊ အောင်ကမ္ဘာ၊ ရန်ကုန်ကရောင်း၊ ကရောင်းကယ်ဆီယမ်၊ နိုင်ဂရု၊ ဂိုးဒင်းဟပ်၊ ရတနာရွှေစင်တံတားအဖွဲ့၊ ရွှေတောင်၊ ရန်ကုန်ထရန်စဖော်မာ၊ စိမ်းစကိုင်း၊ အိုင်ဂျီအီး၊ မိုးရတနာထွန်း၊ စိုးမိုးရတနာတံတားအဖွဲ့စသည့် (၁၇) ဖွဲ့တို့ဖြင့် ဆောင်ရွက်နေသည်မှာ နင်လားဟဲ့တော၊ နင်လားဟဲ့တောင်၊ နင်လားဟဲ့ချောင်း စသည်တို့ကို ငါတို့က လမ်းဖောက်၍ ငါတို့က တံတားဆောက်မည် ဆိုသည့်အတိုင်း ဖြစ်သည်။ လမ်းဖောက်သူဖောက်ကြပြီး တံတားဆောက်သူက ဆောက်လျက်ရှိသည်ကို တွေ့ခဲ့ရသည်။

ထို့ကြောင့် ကျွန်တော်သည် ဖောက်လုပ်ပြီးသောလမ်းပေါ်၌ပင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(လုပ်ငန်း)ဦးဝင်းတင့်အား ပုသိမ်-သလပ်ချာ-မော်တင်စွန်းလမ်းဖောက်လုပ်နေမှုနှင့်ပတ်သက်၍ မေးမြန်းခဲ့ရာ ဦးဝင်းတင့်က ပုသိမ်- သလပ်ချာ-မော်တင်စွန်းလမ်းကို မကြာမီဖွင့်လှစ်မည်ဖြစ်၍ လုပ်ငန်းများအပြီးဆောင်ရွက်လျက်ရှိကြောင်း၊ လိုအပ်သောလုပ်ငန်းများအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လမ်းကြိတ်စက် ၂၄စီးရရှိပြီး ခြောက်စီးကို ထပ်မံဖြည့်ဆည်းပေးထားကြောင်း၊ တံတားအထူးအဖွဲ့(၁)မှ အင်ဂျင်နီယာမှူး ဦးဌေးဦးက တာဝန်ယူ၍ ကွန်ကရစ်ဖျော်စက် ၁၅လုံးကို ဝယ်ယူဖြည့်တင်း ဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းပိုင်းအလိုက် Box Culvert များကို အပြီးဆောင်ရွက်ခဲ့ကြောင်း၊ ကျောက်ခွဲစက်များကို လိုအပ်လျှင် ထပ်မံ ဝယ်ယူ၍ လုပ်ငန်းမှ ကျခံသုံးစွဲသွားမည်ဖြစ်ကြောင်း၊ လမ်း၊ တံတားလုပ်ငန်း တည်ဆောက်ခြင်းကို ကုမ္ပဏီ (၁၇)ဖွဲ့၊ ဆောက်လုပ်ရေးအဖွဲ့ (၂၇)ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း၊ ပေ ၅၀အထက် တံတားများကို တံတားအထူးအဖွဲ့ (၆)ဖွဲ့မှ ပူးပေါင်း ဆောင်ရွက်နေကြောင်း။

အရေးကြီးသောလုပ်ငန်းအပိုင်းများကို မိမိနှင့် အင်ဂျင်နီယာချုပ်၊ ဒုတိယအင်ဂျင်နီယာချုပ်တို့က ညှိနှိုင်းဆွေးနွေးတိုင်ပင်ဆုံးဖြတ်လျက်ရှိကြောင်း၊ မိုင် (၀/၀) မှ (၃၀/၄) အထိ တစ်ပတ်အတွင်း ကတ္တရာလမ်းအပြီးခင်းရန်နှင့် တံတားအားလုံးကို ကြမ်းခင်းအပိုင်းပြီးစီးသည်အထိ သေသပ်သန့်ရှင်းစွာပြီးစီးအောင် ဆောင်ရွက်ရန်စီစဉ်ထားကြောင်း၊ မိုင် (၀/၀) မှ (၄၈/၀) အတွင်း လမ်း၊ တံတားလုပ်ငန်းများအတွက် ကုမ္ပဏီအဖွဲ့များရှိ ကျောက်၊ စက်၊ ယာဉ်၊ ယန္တရား၊ လူအင်အားများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် တပေါင်းတစည်းတည်း တက်ညီ၊ လက်ညီ ဆောင်ရွက်နေကြောင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ စက်၊ ယန္တရားစာရင်းနှင့် လုပ်ငန်းအခြေအနေများကို ညစဉ် အစည်းအဝေးပြုလုပ်၍ လိုအပ်ချက်များကို စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

မိုင်(၀/၀) မှ (၃၀/၄) နှင့် (၈၄/၄) မှ (၉၆/၀) အတွင်းရှိ တံတားအားလုံးအပြီးဆောင်ရွက်ရန်နှင့် ဖွင့်ပွဲနေ့အထိ အလုပ်များဆက်လုပ်ရန်စီစဉ်ထားကြောင်း၊ လုပ်ငန်းအမြန်ပြီးရေးအတွက် ပုဂ္ဂလိကလမ်းအဖွဲ့ (၁၅)ဖွဲ့၊ တံတားအဖွဲ့ (၂)ဖွဲ့ ပေါင်း (၁၇)ဖွဲ့က ကျွန်တော်တို့ကို လာရောက်ပူးပေါင်း ကူညီလျက်ရှိကြောင်း၊ တံတားအစင်းပေါင်းမှာ ငါးပေ ရေပြွန်တံတားမှ ပေ ၁၀၀၊ ပေ ၂၀၀ရှိသည့် တံတားပေါင်း အစင်း ၃၀၀ ကျော်ရှိပြီး ဤတံတားကြီးများကိုလည်း အခိုင်အမာတည်ဆောက်နေကြောင်း၊ ငွေကြေးပိုင်းမှာလည်း ကုမ္ပဏီများအတွက် လုပ်ငန်းမနှောင့်နှေးရအောင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ငွေစာရင်းဌာနက အချိန်မီထုတ်ပေးပြီး လုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကျွန်တော်သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းသုတေသနဌာန (အရည်အသွေးထိန်းသိမ်းရေး)မှ အင်ဂျင်နီယာမှူး ဦးစိုးထွန်းနိုင်ကို လမ်းအရည်အသွေးထိန်းသိမ်းရေးနှင့်ပတ်သက်၍ ဘယ်လိုများ စီစဉ်ထားပါသလဲဟု မေးကြည့်ရာ အင်ဂျင်နီယာမှူး ဦးစိုးထွန်းနိုင်က ပုံမှန်အားဖြင့် လမ်းသက်တမ်းကို ကတ္တရာလမ်းဖြစ်၍ (၁၀)နှစ် သတ်မှတ်ထားကြောင်း၊ ဤလမ်းတွင် အသုံးပြုရမည့် လမ်းခင်းပစ္စည်း၊ မြေ၊ ကျောက်၊ သဲ၊ ကတ္တရာတို့ကို စံချိန်စံညွှန်းနှင့် ကိုက်ညီမှု ရှိ မရှိ စမ်းသပ်ပေးရကြောင်း၊ ဤလမ်းတွင် ဤကဲ့သို့လမ်းအရည်အသွေးမြင့်မားရေးအတွက် လမ်းခင်းပစ္စည်းများအရည်အသွေး ကောင်းမွန်ရမှာဖြစ်သလို ကုန်တင်ယာဉ်များသည် သတ်မှတ်ဝင်ရိုးများတပ်ဆင်၍ ကုန်များတင်ဆောင်မောင်းနှင်ရန်လည်း လိုကြောင်း၊ ၁၉၈၈ ခုနှစ် ရှေ့ပိုင်း၌ ကုန်တင်ယာဉ်အလေးချိန်မှာ ကုန်နှင့်ယာဉ် ပေါင်း ၁၃ တန် ဖြစ်သော်လည်း နောက်ပိုင်းကာလ၌ ကုန်တင်အလေးများသည် ယာဉ်နှင့်ကုန် တန် (၆၀)မှ တန် (၇၀-၈၀) အထိ တင်လျက်ရှိနေကြောင်း၊ ထို့ကြောင့် လမ်းများ သက်တမ်းတိုကာလအတွင်း ပျက်ယွင်းမှု များနေကြောင်း၊ ဤလမ်းကိုလည်း ကုန်နှင့်ယာဉ်ပေါင်း တန် (၄၀) အထိသာ မောင်းနိုင်ရန်တည်ဆောက်ထားကြောင်း၊ လမ်းအသုံးပြုကြသည့် ယာဉ်များအနေဖြင့် သတ်မှတ်ဝင်ရိုးတပ်ပြီးယာဉ်နှင့်ကုန် တန် ၄၀ အတွင်းသာ တင်ဆောင်မောင်းနှင်ရန်ဖြစ်ကြောင်း၊ ထို့မှသာ လမ်းမှာ သတ်မှတ်သက်တမ်းအထိ ခံနိုင်မှာဖြစ်၍ လမ်းအသုံးပြုသူများ လမ်းမကြီးများဥပဒေနှင့်အညီ အသုံးပြုကြစေလိုကြောင်း ပြောကြားသည်။

ယခင်ကမြန်မာနိုင်ငံတွင် နိုင်ငံတော် အထက်ပိုင်းနှင့်အောက်ပိုင်း ဆက်သွယ်သွားလာသည့် လမ်းကြောင်းများသည် အဓိကအားဖြင့် ဧရာဝတီမြစ်အရှေ့ခြမ်းမှာသာ သွယ်တန်းလျက်ရှိသော်လည်း ယခုအခါ မြန်မာနိုင်ငံ၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် အစိတ်အပိုင်းအားလုံး ဆက်သွယ်သွားလာနိုင်ကြပြီ ဖြစ်သည်။ ဧရာဝတီတိုင်း၌ လိုအပ်သော လမ်း၊ တံတားများကို တိုးချဲ့တည်ဆောက်ပေးခဲ့ပြီးဖြစ်ရာ ယခုအခါ ဧရာဝတီတိုင်းသည် ရေလမ်းနှင့်သာမက မော်တော်ကားလမ်းများဖြင့်လည်း လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။ နာဂစ်မုန်တိုင်းအပြီး၌ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းဝင် လမ်းသစ်ကို ဖောက်လုပ်လျက်ရှိရာ ဧရာဝတီအနောက်ဘက် ကမ်းရိုးတန်းလမ်းဖြစ်သည့် ပုသိမ်-သလပ်ချာ-မော်တင်စွန်းလမ်းသည် တိုးချဲ့ကွန်ရက်လမ်းအဖြစ် သတ်မှတ်ဖောက်လုပ်ခဲ့သော လမ်းတစ်လမ်းဖြစ်သည်။ အဆိုပါလမ်းသည် နောင်တစ်ချိန် မုန်တိုင်းဒဏ်ခံရပါက ဧရာဝတီတိုင်းအတွက် အသက်ကယ် လမ်းမကြီးအဖြစ် အချိန်တိုအတွင်း တိုက်ရိုက်ကူညီဆောင်ရွက်နိုင်သော အခိုင်အမာလမ်းမကြီးဖြစ်မည့်အပြင် ဧရာဝတီတိုင်းရှိ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီသို့ အချိန်တိုအတွင်း ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းမှတစ်ဆင့် ကုန်းလမ်းခရီးဖြင့် သွားရောက်ဖူးမြော်နိုင်မည့် လမ်းကြီးဖြစ်ပါကြောင်းကို ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ခင်းကျင်းပြသထားသော မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မကြာခင်ကာလအတွင်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပပေးတော့မည်

နိုင်ငံတော် အနာဂတ်အတွက် မှန်မှန်ကန်ကန် ဦးဆောင်နိုင်မည့် ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်

❐ *ရှေ့ဖုံးမှ*

တက်ရောက်

အဆိုပါ အသင်းသားစုံညီအစည်းအဝေးသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ အသင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အမှာစကား ပြောကြားရာတွင် ယနေ့ အစည်းအဝေးခန်းမထဲ၌ ရောက်ရှိနေသော ပုဂ္ဂိုလ်အားလုံးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေးဆိုသည့် တိုင်းပြုပြည်ပြုလုပ်ငန်းစဉ်ကြီးတွင် ရှေ့တန်းမှ ပူးပေါင်းပါဝင်နေကြသော ပုဂ္ဂိုလ်များဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် တည်ငြိမ်အေးချမ်းသည့် နိုင်ငံရေးအခြေအနေကောင်းလိုအပ်ကြောင်း၊ မှန်ကန်သည့် စီးပွားရေးဦးတည်ချက်များရှိရမည်၊ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုရှိရမည်၊ တိုးတက်ဖွံ့ဖြိုးရေးအတွက် အခြေခံအုတ်မြစ်ကောင်းများ (Infrastructure) များရှိရမည်၊ မျှတကျယ်ပြန့်သည့် စီးပွားရေးအခွင့်အလမ်းကောင်းများ ရှိရမည်ဆိုသည့် လိုအပ်ချက်များကို စီးပွားရေးလုပ်ငန်းရှင်များအားလုံး သိရှိနားလည်ခံယူပြီးဖြစ်ကြောင်း။

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးစသည့် အခြေခံကောင်းများကို မဖြစ်မနေ တည်ဆောက်ခဲ့သည့်နည်းတူ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် စီးပွားရေးအခြေခံကောင်းများကို ကဏ္ဍအလိုက် ခိုင်ခိုင်မာမာဖြစ်ပေါ်အောင် ဦးတည်ချက်ရှိရှိ မဆုတ်မနစ် ထူထောင်ခဲ့သည်ဖြစ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်ကို လမ်းကြောင်းမှန်အတိုင်း ဖြစ်ပေါ်ရေးအတွက် အခွင့်အလမ်းကောင်းများကို ပျိုးထောင်ဖော်ဆောင်လျက်လည်းရှိကြောင်း။

အားပေးထူထောင်

တိုင်းပြည်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတကာနှင့်ယှဉ်ပြိုင်ရင်ပေါင်တန်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍသည် အဓိကကျသည့်အတွက် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ တိုးတက်မြင့်မားလာစေမည့် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများကို အရှိန်အဟုန်မြင့်တင် ဆောင်ရွက်ခဲ့သည်ပင်ဖြစ်ကြောင်း၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၏ တိုးတက်လည်ပတ်နေမှုသည် နိုင်ငံတော်စီးပွားရေး ခိုင်မာကောင်းမွန်မှုကို ဖော်ညွှန်းပြသနေခြင်း ဖြစ်သကဲ့သို့ ၎င်းတိုးတက်လည်ပတ်အောင်မြင်နေမှုသည် နိုင်ငံတော်၏ တိုးတက်ဖွံ့ဖြိုးမှုနှင့် ယုံကြည်အားကိုးထိုက်မှုကို ကိုယ်စားပြုလျက်ရှိနေသည် ဖြစ်သည့်အတွက် နိုင်ငံတော်၏ အားထားရသည့် အခြေခံအုတ်မြစ်တစ်ခုအဖြစ် ဖြစ်ပေါ်လာအောင် စဉ်ဆက်မပြတ် အားပေးထူထောင်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ပုဂ္ဂလိကစီးပွားရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်လာစေပြီး အမျိုးသားစီးပွားရေးနှင့် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်စေရန်အတွက်ဦးဆောင်စည်းရုံး ကြီးကြပ်ထိန်းကျောင်းပေးနိုင်အောင် ဦးဆောင်ကုန်သည်အသင်းကြီး (Leading Chamber) အဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကို ဖွဲ့စည်းတည်ထောင်ပေးထားခြင်းဖြစ်ကြောင်း၊ အခုဆိုလျှင် ဦးဆောင်အသင်းချုပ်ကြီးသည် သက်တမ်း (၁၉)နှစ်ပြည့်မြောက်လာခဲ့ပြီဖြစ်သည့်အတွက် နိုင်ငံတော်အတွင်း ခိုင်မာသည့် စီးပွားရေးအခြေခံကောင်းများဖြစ်ထွန်းနေအောင်၊ တည်ငြိမ်သည့် စီးပွားရေးပတ်ဝန်းကျင်ကောင်းများ ခိုင်မြဲနေအောင် နိုင်ငံတော်အစိုးရနှင့် လက်တွဲ၍ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သကဲ့သို့ တိုင်းရင်းသား လုပ်ငန်းရှင်များအားလုံး ပူးပေါင်းပါဝင်လာရန် စုစည်းဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်နေကြရပြီ ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

အသင်းချုပ်ကြီးအနေဖြင့် ပြီးခဲ့သည့်နှစ်ကထက် အသင်းသားဦးရေ ၁၃၃၉ဦး တိုးတက်လာသည့်အတွက် အသင်းဝင်အင်အား ၁၉၈၃၄ဦးအထိ ရှိလာသည်ကို တွေ့ရပြီး ညီနောင်အသင်း ၅၉သင်းနှင့်လည်း လုပ်ငန်းများကို တက်ကြွစွာ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ ဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် စီးပွားရေးတွေ့ဆုံပွဲ (Business Matching) များကို (၂၃)ကြိမ် ကျင်းပနိုင်ခဲ့ပြီး ပြည်ပသို့ သင်တန်း၊ အစည်းအဝေး၊ ဆွေးနွေးပွဲ၊ လေ့လာရေးတို့အတွက် ၂၀၇ဦး စေလွှတ်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည်ပနိုင်ငံများတွင်ကျင်းပသည့် နိုင်ငံတကာပြပွဲ (၂၀)ကို အသင်းဝင်ပေါင်း ၇၇၉ဦး စေလွှတ်ပေးခဲ့ပြီး National Pavilion များနှင့် ပြခန်းများ ခင်းကျင်းပြသနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ ထို့အပြင် ပြည်ပကုန်သည် အဖွဲ့အစည်းများနှင့် သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာ ၇၁စောင် လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ကျေနပ်အားရ ဝမ်းမြောက်မိပါကြောင်း ပြောကြားလိုကြောင်း။

နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကာလတိုငါးနှစ်စီမံကိန်းများ ချမှတ်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် လက်ရှိကာလ စတုတ္ထကာလတို ငါးနှစ်စီမံကိန်းသည် ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အထိဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုနှုန်း တစ်နှစ်ပျမ်းမျှ ၁၂ရာခိုင်နှုန်း တိုးတက်လာရန် ရည်မှန်းထားကြောင်း၊ နှစ် (၃၀)စီမံကိန်းတွင် စတုတ္ထကာလတို ငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သည့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏလျာထားချက်ကို ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကုန်သည်များနှင့် စက်မှုလက်မှုအသင်းချုပ်ကြီးအနေဖြင့် အဓိကအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ရလဒ်ကောင်း

ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားလာခြင်း၏ အကျိုးဆက်အဖြစ် ကုန်သွယ်မှုကဏ္ဍသည် တိုးတက်လာသည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍသည် အပြန်အလှန် ဆက်စပ်လျက်ရှိကြောင်း၊ ယနေ့ နိုင်ငံတော်၏ ကုန်သွယ်မှုပမာဏ တိုးတက်လာခြင်းသည် နိုင်ငံတော်အစိုးရ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သည့် တောင်သူလယ်သမားများ၊ စက်မှုလုပ်ငန်းရှင်များ၊ ကုန်သွယ်ရောင်းဝယ်သူများပူးပေါင်းပြီး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ခဲ့ကြခြင်း၏ ရလဒ်ကောင်းများကြောင့်ပင် ဖြစ်ကြောင်း။

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအကျပ်အတည်း စတင်ဖြစ်ပေါ်ကတည်းကပင် ကမ္ဘာ့နိုင်ငံတိုင်းသည် ၎င်းအကျပ်အတည်းဒဏ်ကို အနည်းနှင့်အများ ခံစားကြရမည်ဖြစ်ပြီး ၎င်းအကျပ်အတည်းကိုလည်း မိမိတို့နိုင်ငံအနေဖြင့် မိမိတို့ဘာသာ ဖြေရှင်းဆောင်ရွက်ရမည်ဆိုသည်ကို နိုင်ငံတော်အစိုးရအနေဖြင့် လေးလေးနက်နက် နားလည်သိရှိ သဘောပေါက်ထားခဲ့သည်ဖြစ်ကြောင်း၊ ဈေးကွက်အင်အားစုများ ခိုင်ခိုင်မာမာ အပြည့်အဝ မလှုပ်ရှားနိုင်သေးသည့် ဟန်ချက်ညီစီးပွားရေးအခြေအနေကို ဖန်တီးဖော်ဆောင်နိုင်ခြင်း မရှိသေးသည့် မိမိတို့ကဲ့သို့ စီးပွားရေးအသွင်ကူးပြောင်းစ နိုင်ငံမျိုးတွင် နိုင်ငံတော်အစိုးရ၏ ထိန်းကျောင်းပဲ့ကိုင်မှုအခန်းကဏ္ဍသည် မရှိမဖြစ် အမှန်လိုအပ်နေဆဲဖြစ်ကြောင်း၊ ၎င်းနေရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံကြည့်မြင်သုံးသပ်ပြီး ဆုံးရှုံးမှုနည်းနည်း၊ စွမ်းဆောင်ရည်များများ ရရှိစေရန် အလေးထားဆောင်ရွက်ခဲ့ရသကဲ့သို့ ဈေးကွက်ယန္တရား၏ တုံ့ပြန်လာမှုအားလုံးကို အနီးကပ် လေ့လာစောင့်ကြည့်ကာ မိမိနိုင်ငံ ထိခိုက်နစ်နာမှုမရှိစေရအောင် ဝင်ရောက်ထိန်းကျောင်းမှုများ ဆောင်ရွက်ပေးခဲ့ရသည်ဖြစ်ကြောင်း။

မြန်ဆန်ချောမွေ့

ထို့ကြောင့်လည်း နိုင်ငံတော်ပိုင်းအနေဖြင့် မိမိတို့လုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိအောင် ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းများကိုလည်း ရှင်းလင်းလွယ်ကူလျင်မြန်ချောမွေ့အောင် လုပ်နည်းစနစ် ဖြေလျှော့မှုများ ဆောင်ရွက်ပေးခြင်း၊ ကုန်သွယ်မှုနှင့် ဆက်စပ်နေသည့် လုပ်ငန်းကိစ္စအားလုံးတွင် မြန်ဆန်ချောမွေ့အောင် ဆောင်ရွက်ပေးခြင်း၊ ပို့ကုန် သွင်းကုန်လိုင်စင်များ ဆောလျင်စွာရရှိနိုင်အောင် ဆောင်ရွက်ပေးခြင်းတို့ကိုလည်း စနစ်တကျ စီမံဆောင်ရွက်ပေးခဲ့သည်ဖြစ်ကြောင်း၊ အစိုးရဝန်ကြီးဌာနများအနေဖြင့် ပြည်ပနိုင်ငံများက ဝယ်ယူတင်သွင်း အသုံးပြုနေကြရသော စက်ပစ္စည်းများကိုလည်း ပြည်တွင်းထုတ်လုပ်သူလုပ်ငန်းရှင်များက အရည်အသွေးမီ၊ အဆင့်အတန်းမြင့်မြင့် တိုးတက်ထုတ်လုပ်ပေးနိုင်ပြီး သွင်းကုန်အစားထိုး အသုံးပြုနိုင်အောင်လည်း ဝယ်ယူအသုံးပြုသူနှင့် ပြည်တွင်းထုတ်လုပ်သူ ပုဂ္ဂလိကလုပ်ငန်းရှင်များအကြား တိုက်ရိုက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်နိုင်ကြရန်ကိုလည်း နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်ပေးခဲ့ရကြောင်း။

ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုပြုရာ၌လည်း အစိုးရချင်း စေ့စပ်ညှိနှိုင်းပေးသည့် ကုန်သွယ်မှု သဘောတူညီချက်များ အစပြုဆောင်ရွက်ပေးခဲ့သကဲ့သို့ ဈေးကွက်အသစ်များ တိုးမြှင့်ရရှိလာအောင်လည်း မြန်မာသံရုံးများမှတစ်ဆင့် ထိုးဖောက်ဆောင်ရွက်ပေးခဲ့သည်ဖြစ်ကြောင်း၊ သမားရိုးကျ ပင်လယ်ရေကြောင်းကုန်သွယ်မှုအပြင် နယ်စပ်ကုန်သွယ်ရေးကိုလည်း တိုးမြှင့်ဆောင်ရွက်နိုင်စေရန်အတွက် နယ်စပ်ကုန်သွယ်ရေးနှင့်စပ်လျဉ်း၍ ဖြေလျှော့မှုများ ပြုပြင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပြည်ပဝယ်လိုအား ကျဆင်းမှုကြောင့် ပြည်ပသို့ ကုန်ပစ္စည်းများ တင်ပို့ရာတွင် ထိခိုက်နစ်နာမှုများမရှိစေရန် အပိုင်းလိုက် ခွဲခြားတင်ပို့နိုင်ရေး (Partial Export) ကိုလည်း အားပေးကူညီပေးခဲ့သည်ဖြစ်ကြောင်း။

တိုးချဲ့တင်ပို့

၎င်းလိုအခြေအနေမျိုးတွင် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကမ္ဘာ့စီးပွားရေး ပြန်လည်ထူထောင်လာနိုင်မှု အခြေအနေများကို မျက်ခြည်မပြတ် လေ့လာသိရှိထားပြီး မူလရရှိပြီး ဈေးကွက်ဝေစုများ မပျောက်ပျက်အောင် ဆက်လက်ကြိုးပမ်းကြရန် လိုအပ်သကဲ့သို့ ဈေးကွက်အသစ်များ တိုးချဲ့ရရှိလာအောင်၊ ပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်အောင်၊ အရည်အသွေးမြင့်မားသည့် ဈေးကွက်ဝင်ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်အောင်နှင့် စီးပွားရေးတီထွင်ဖန်တီးမှု Creative Economy များကိုလည်း နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာတွင် အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသကို ၂၀၁၅ခုနှစ်၌ စတင်ပါဝင်ရတော့မည်ဖြစ်သည့်အတွက် ယင်းအချိန်တွင် ဖြစ်ပေါ်လာမည့် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်အောင် ယခုကပင် စတင်၍ စံချိန်စံညွှန်းမီ၊ အရည်အသွေးကောင်းမွန်သည့် ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်ပြီး ယှဉ်ပြိုင်နိုင်မှုစွမ်းအားကို မြှင့်တင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

တက်ညီလက်ညီ

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွက် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ အစဉ်တစိုက် တိုးချဲ့တည်ဆောက်ပေးနေသကဲ့သို့ ပုဂ္ဂလိက တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်မှုအခွင့်အလမ်းကိုလည်း မြှင့်တင်အားပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၏ အချက်အချာဒေသများတွင် စက်မှုဇုန်များ ထူထောင်ပေးနေသကဲ့သို့ နိုင်ငံပိုင်စက်ရုံများ၊ အလုပ်ရုံများကိုလည်း ပုဂ္ဂလိကကဏ္ဍကို လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးပြီး စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာအောင်လည်း အားပေးကူညီလျက်ရှိကြောင်း၊ ယနေ့ ဂလိုဘယ်လိုက်ဇေးရှင်းခေတ် နိုင်ငံတကာစီးပွားရေးတွင် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်မြင့်မားစေရေးအတွက် အရင်းအနှီး၊ သဘာဝအရင်းအမြစ်နှင့် အရည်အသွေးနိမ့်ကျသည့် လုပ်သားအင်အားစုအပေါ် အဓိက အမှီပြုအားထားနေရသော ကျစ်လျစ်မှုအားနည်းသည့် တိုးတက်မှုပုံသဏ္ဌာန်ကနေ အရည်အသွေးမြင့်မားသော လူသားအရင်းအမြစ်၊ ခေတ်မီစီမံခန့်ခွဲရေးဆိုင်ရာ ကျွမ်းကျင်မှုတို့ဖြင့် စွမ်းရည်မြင့်မားပြီး သိပ်သည်းမှုရှိသည့် ပုံသဏ္ဌာန်သစ်ကို တိုးတက်ကူးပြောင်းရောက်ရှိနိုင်ရန် အားထုတ်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းက လိုအပ်သည့် အခြေအနေကောင်းများကို ဖန်တီးဖော်ဆောင်ပေးမည်ဖြစ်ပြီး အသင်းချုပ်ကြီး၏ ဦးဆောင်မှုဖြင့် လုပ်ငန်းရှင်များက စွမ်းရည်ရှိသည့် စီးပွားရေးအသိုင်းအဝိုင်းတစ်ရပ်ကို တက်ညီလက်ညီ ပူးပေါင်းထူထောင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ ပြည်တွင်းဈေးကွက်သည် တိုးတက်မှုနှုန်းထား မြင့်မြင့်မားမားနှင့် တည်ငြိမ်မှုရှိနေသော ဈေးကွက်ကြီးတစ်ခုဖြစ်သည့်အတွက် နိုင်ငံစုံစီးပွားရေးလုပ်ငန်းစုများသည်လည်း တက်တက်ကြွကြွ လာရောက်ပြီး ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကြီးမားလှသည့် မိမိတို့၏ ကိုယ်ပိုင်ပြည်တွင်းဈေးကွက်ကို ရယူပိုင်ဆိုင်ထား

1-5 (08-09).pmd 1 5/1/2010, 1:34 AM

နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ကျေးလက်ဒေသ ဈေးကွက်များကို အလေးထားဆောင်ရွက်ကြရန် လိုအပ်နေသည်ကိုလည်း သတိထားကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းဈေးကွက်သည် အခြေခံအုတ်မြစ်၊ ပြည်ပဈေးကွက်များကိုလည်း ရေးရှုကြဆိုသည့်ခံယူချက်ကို မမေ့မလျော့ဘဲ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုနှင့် စားသုံးမှုတို့အကြား လျင်မြန်ချောမွေ့စေမည့် ဖြန့်ဖြူးရေးကွန်ရက်များ တိုးတက်ဖြစ်ပေါ်လာအောင် ဆောင်ရွက်ကြရန်၊ ဖန်တီးဖော်ဆောင်ကြရန် လိုအပ်နေပြီဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းရောင်းဝယ်မှုပုံစံကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံအတွင်းရှိ ကုန်စည်ဒိုင်များကို သင်းဖွဲ့စည်းမျဉ်းများ စနစ်တကျရေးဆွဲပြီး ပညာပေးမြှင့်တင်ခြင်းများ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

အကျိုးအမြတ်

နိုင်ငံ၏ လယ်ယာထွက်ကုန် ပို့ကုန်ပစ္စည်းများထဲတွင် အရေးပါသည့် မြန်မာ့ဆန်စပါးနှင့် ပဲမျိုးစုံနယ်ပယ်၌ အရည်အသွေးနှင့် အရေအတွက်မြှင့်တင်၍ စိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်း ပြည်ပဈေးကွက်တွင် စနစ်တကျ ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဆန်စပါးနှင့် ပဲမျိုးစုံ အထူးပြုကုမ္ပဏီများကို ပြည်နယ်/တိုင်းများ၌ ဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စုစုပေါင်း ဆန်အထူးပြုကုမ္ပဏီ (၃၁)ခုနှင့် ပဲမျိုးစုံအထူးပြုကုမ္ပဏီ (၂၄)ခု စုစုပေါင်း သီးနှံအထူးပြုကုမ္ပဏီ (၅၅)ခုရှိနေပြီဖြစ်ကြောင်း၊ ၂၀၁၀ပြည့်နှစ် မတ်လအထိ ဆန်စပါးအထူးပြုကုမ္ပဏီနှင့် ပဲမျိုးစုံအထူးပြုကုမ္ပဏီများမှ တောင်သူလယ်သမားများသို့ ပံ့ပိုးမှုများ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ထုတ်လုပ်မှုအပိုင်းတွင် တိုးတက်မှုများ ရရှိလာရုံသာမက တောင်သူလယ်သမားများ၊ ဒေသခံကုန်သည်ပွဲစားများပါ ထိုက်သင့်သော အကျိုးအမြတ်များ ရရှိနေပြီဖြစ်ကြောင်း ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရကြောင်း။

ယနေ့ ကမ္ဘာအနှံ့ဖြစ်ပေါ်လျက်ရှိသည့် သဘာဝဘေးအန္တရာယ် ကျရောက်မှုများ၊ ရာသီဥတု ပြောင်းလဲမှုများကလည်း ကမ္ဘာ့လူသားအားလုံးအတွက်နှင့် စီးပွားရေးလုပ်ငန်းများအတွက် စိန်ခေါ်နေသည့် ပြဿနာအဖြစ် တည်ရှိနေကြောင်း၊ နိုင်ငံတိုင်းကလည်း မိမိနိုင်ငံနှင့် လူမျိုးအကျိုးအတွက် လူမှုရေး၊ စီးပွားရေးဆိုင်ရာ အကာအကွယ်ပြုမည့် အစီအမံများ ရေးဆွဲဆောင်ရွက်လျက်ရှိရာတွင် စားနပ်ရိက္ခာဖူလုံ လုံခြုံမှုကို ထိပ်တန်းဦးစားပေး မူဝါဒများအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အစားအစာ ထုတ်လုပ်ရေးလုပ်ငန်းတွင် ယခုအခါ ကမ္ဘာ့အစားအစာဈေးကွက်၌ သန့်ရှင်းလုံခြုံမှုရှိရေး၊ ကျန်းမာရေးနှင့် ညီညွတ်ရေးကို အထူးဦးစားပေးလာသည့်အတွက် ဈေးကွက်၏လိုအပ်ချက်နှင့် ကိုက်ညီသော ထုတ်ကုန်များ ထုတ်လုပ်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် စားနပ်ရိက္ခာလုံခြုံမှုအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ ထုတ်လုပ်သူများ၊ ပွဲစားကုန်သည် အရောင်းအဝယ်လုပ်သူများ၊ အသင်းအဖွဲ့များမှ လုပ်ငန်းရှင်များ အပါအဝင် Supply Chain တစ်လျှောက်လုံးရှိ တာဝန်ရှိသူများအားလုံးက အမျိုးသားရေးစိတ်ဓာတ် အရင်းခံဖြင့် ဆောင်ရွက်ကြပါဟု တိုက်တွန်းလိုကြောင်း။

ယုံကြည်မှုခိုင်မာရေး

ယနေ့ စီးပွားရေးပတ်ဝန်းကျင်ကိုကြည့်လျှင် လူတစ်ဦးချင်းအနေဖြင့် မိမိ အကျိုးစီးပွား တစ်ခုတည်းကိုသာကြည့်ပါက စီးပွားရေးဝန်းကျင်တစ်ခုလုံး ပျက်ပြားသွားနိုင်သည့်သဘောရှိ၍ စီးပွားရေးကျင့်ဝတ်ကို လူတစ်ဦးချင်း ထိန်းကျောင်းရန် လိုအပ်သကဲ့သို့ အဖွဲ့အစည်းအနေဖြင့် ထိန်းကျောင်းရန်လည်း လိုအပ်ကြောင်း၊ သို့မှသာ ပြည်တွင်းဈေးကွက်တည်ငြိမ်ပြီး ဒေသတွင်း နိုင်ငံများနှင့် ယှဉ်ပြိုင်စွမ်းအား တိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီးပွားရေးမှာရော နိုင်ငံတကာစီးပွားရေးမှာပါ ယုံကြည်မှုခိုင်မာရေးသည် ရွှေ၊ ငွေ၊ ရတနာများထက် ပိုမိုမြင့်မားသည့် တန်ဖိုးတစ်ရပ် ဖြစ်နေပြီဖြစ်ကြောင်း၊ အရည်အသွေး မမှန်ကန်ခြင်း၊ ကတိကဝတ် ပျက်ပြားခြင်းတို့ကြောင့် နိုင်ငံတကာနှင့် အရောင်းအဝယ်ပြုရာတွင် ယုံကြည်မှုပျက်ပြားနိုင်သည့်အတွက် အသင်းအဖွဲ့များအနေဖြင့် ထိန်းကျောင်းရန် လိုအပ်ကြောင်းနှင့် စီးပွားရေးကျင့်ဝတ်သည် နိုင်ငံတကာနှင့် ကုန်သွယ်မှုပြုရာ၌ အရေးကြီးကြောင်း အလေးအနက်ထား မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးသို့ ကူးပြောင်းတက်လှမ်းနိုင်မည့် လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ခိုင်ခိုင်မာမာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် မကြာခင်ကာလအတွင်း၌ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများကို ကျင်းပပေးတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အသင်းချုပ်ကြီး၏ ဦးဆောင်မှုဖြင့် နိုင်ငံတစ်ဝန်းတွင်ရှိသည့် ကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များက နိုင်ငံတော်၏ အနာဂတ်အတွက် မှန်မှန်ကန်ကန် ဦးဆောင်နိုင်မည့် ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်ရာ၌ ထိုက်တန်စစ်မှန်သော လူကောင်းလူတော်များကို ဆင်ခြင်တုံတရား၊ အမြော်အမြင်၊ သတိတရားတို့နှင့် ပေါင်းစပ်ပြီး ရွေးချယ်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ဆက်လက်ရပ်တည်

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကြီးကို နိုင်ငံတော်၏ စီးပွားရေးနယ်ပယ်တွင် ကျစ်လျစ်ခိုင်မာပြီး စွမ်းဆောင်ရည်မြင့်မားသော အသင်းကြီးဖြစ်စေရေးအတွက် အသင်းဝင်များအားလုံးအနေဖြင့် စုပေါင်းညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်းကြရန် အသင်းချုပ်ကြီးကို နိုင်ငံတော်က အားကိုးအားထားပြုရသည့် အဖွဲ့အစည်းကြီးတစ်ခုအဖြစ် ဆက်လက်ရပ်တည်သွားနိုင်ရန် တိုက်တွန်းမှာကြားကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် အစည်းအဝေးသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသော ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ပြည်တွင်း ပြည်ပ ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများနှင့် ညီနောင်အသင်းများ၏ ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

(သတင်းစဉ်)

(၆၂)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဧပြီ ၃၀

(၆၂)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး (ရုံးခွဲ) အစည်းအဝေးခန်းမ၌ကျင်းပရာ တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ ကျင်းပရေးနာယက သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရ ဦးမြင့်မောင် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရ ဦးအောင်ကိုက အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့် ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြခြင်း၊ ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးကြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပြောကြား

ယင်းနောက် ဝန်ကြီး သူရ ဦးမြင့်မောင်က နိဂုံးချုပ် အမှာစကား ပြောကြားသည်။ (သတင်းစဉ်)

မလေးပါးတန် ပွဲ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပထမပိုင်း) သင်တန်းအတွက် လျှောက်လွှာခေါ်ယူ

ရန်ကုန် ဧပြီ ၃၀

လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(ပထမပိုင်း) သင်တန်းအမှတ်စဉ် (၃၆)ကို စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း အမှတ် (၁/၁၉) သခင်မြပန်းခြံလမ်း အလုံမြို့နယ် ရန်ကုန်မြို့၌ ဩဂုတ် ၁၆ရက်မှစ၍ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရသည်။

အထောက်အထား

ရန်ကုန်၊ မုံရွာနှင့် မိတ္ထီလာ စီးပွားရေးတက္ကသိုလ်များမှ ၂၀၀၈ခုနှစ် စက်တင်ဘာတွင် ကျင်းပခဲ့သော ဝါဏိဇ္ဇဘွဲ့ (B.Com) နှင့် စာရင်းကိုင်ပညာဘွဲ့ (B.Act) စာမေးပွဲကို ဖြေဆိုအောင်မြင်သူ (နောက်ဆက်တွဲ စာမေးပွဲများဖြင့် အောင်မြင်သူများမပါ) နိုင်ငံသားများသာ တက်ရောက်ခွင့်ရှိသည်။ လျှောက်လွှာပုံစံကို မြန်မာနိုင်ငံ စာရင်းကောင်စီရုံး၌ ဝယ်ယူ၍ မေ ၅ရက်မှ ၃၁ရက်အထိ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း လျှောက်ထားသူကိုယ်တိုင် လာရောက်ပြီး လျှောက်လွှာနှင့်အတူ ၂၀၀၈ ခုနှစ် စက်တင်ဘာတွင် ကျင်းပခဲ့သော ဝါဏိဇ္ဇဘွဲ့ (B.Com) နှင့် စာရင်းကိုင်ပညာဘွဲ့ (B.Act) စာမေးပွဲအောင်မြင်သည့် အထောက်အထားဖြစ်သည့် ဘွဲ့လက်မှတ် သို့မဟုတ် ဘွဲ့လက်မှတ် ထောက်ခံစာ (မူရင်းနှင့် မိတ္တူ)၊ အဆင့် သတ်မှတ်ချက်လက်မှတ် (မူရင်းနှင့်မိတ္တူ)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ)နှင့် စာရင်းစစ်ချုပ်ရုံးဝန်ထမ်းဖြစ်ပါက ရုံးအကြီးအကဲ၏ ဝန်ထမ်းဖြစ်ကြောင်း ထောက်ခံချက်တို့ကို ပူးတွဲတင်ပြရမည်။

ရွေးချယ်ခံရသူများ၏ အမည်စာရင်းကို မြန်မာနိုင်ငံ စာရင်းကောင်စီရုံး၌ ဇူလိုင် ၉ရက်တွင် ထုတ်ပြန်ကြေညာမည်။ ရွေးချယ်ခံရသူများသည် သတ်မှတ်ထားသည့် သင်တန်းကြေးများကို ဇူလိုင် ၁၂ရက်မှ ၃၀ရက်အထိ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ပေးသွင်းကြရမည်ဖြစ်သည်။

သင်တန်းကာလ

သင်တန်းကာလမှာ ပထမပိုင်း တစ်နှစ်နှင့် ဒုတိယပိုင်း တစ်နှစ် စုစုပေါင်းနှစ်နှစ် ဖြစ်သည်။ သင်တန်းအချိန်မှာ တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၇နာရီမှ ၈နာရီ မိနစ် ၅၀အထိနှင့် စနေနေ့များတွင် နံနက် ၇နာရီမှ ၁၁နာရီ မိနစ် ၅၀အထိဖြစ်သည်။ သင်တန်းတက်ရောက်ချိန် ၆၀ရာခိုင်နှုန်း ပြည့်မီခြင်းမရှိပါက စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ရှိမည်မဟုတ်ကြောင်း စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီက ကြေညာထားကြောင်း သိရှိရသည်။ ***(သတင်းစဉ်)***

ကမ္ဘောဇနဲ့ ဇေယျာရွှေမြေတို့ရဲ့ ထိပ်ဆုံးနေရာလုပွဲနဲ့အတူ စိတ်ဝင်စားဖွယ်ကောင်းနေတဲ့ ၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၆)

သတင်းမှတ်စုနှင့်ဓာတ်ပုံမှတ်တမ်း-ဖိုးသော်ဇင် ❖ စာမျက်နှာဖွဲ့စည်းမှု-ခင်သန္တာသိန်း(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၃၀

၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၆)ကို ဒီတစ်ပတ် စနေ၊ တနင်္ဂနွေနေ့နှင့် တနင်္လာနေ့တွေမှာ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနဲ့ မန္တလေးမြို့ရှိ ဗထူးကွင်းတို့မှာ ဆက်လက်ကျင်းပမှာ ဖြစ်ပါတယ်။

ပွဲစဉ်(၅)အပြီးမှာတော့ အရင်က ထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ ဇေယျာရွှေမြေအသင်းဟာ နေပြည်တော်အသင်းကို သရေသာကစားနိုင်ခဲ့လို့ ဦးဆောင်သူနေရာကို ကမ္ဘောဇအသင်းထံ လွှဲပေးခဲ့ရပါတယ်။ အဲဒါကြောင့် အမှတ်ပေးဇယား ထိပ်ဆုံးနေရာမှာ ကမ္ဘောဇအသင်းက ငါးပွဲကစား ၁၃မှတ်နဲ့ ဦးဆောင်နေပြီး ဇေယျာရွှေမြေအသင်းက ကမ္ဘောဇနဲ့ အမှတ်တူပေမယ့် သွင်းဂိုးနည်းလို့ ဒုတိယနေရာကို ရောက်သွားခဲ့ရပါတယ်။ အခုတစ်ပတ်ကစားမယ့် ပွဲစဉ်ဟာ ကမ္ဘောဇအတွက်ရော ဇေယျာရွှေမြေအတွက်ပါ အရေးပါပြီး ထိပ်ဆုံးနေရာအတွက် မဖြစ်မနေ အနိုင်ရရန် လိုအပ်သလိုဂိုးကိုလည်း ရသလောက်သွင်းယူရမှာပါ။ နှစ်သင်းစလုံး ရှုံးပွဲမရှိ၊ ပေးဂိုးမရှိစံချိန်တွေ ရရှိထားကြတာကြောင့် အခုတစ်ပတ်ပွဲစဉ်မှာလည်း အဲဒီစံချိန်တွေကို ဆက်ထိန်းနိုင်မလားဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ကမ္ဘောဇအသင်းဟာ အဆင့် (၅)နေရာမှာ ရောက်ရှိနေတဲ့ ဆောက်သမ်းမြန်မာအသင်းနဲ့ တွေ့ဆုံရမှာဖြစ်လို့ ခက်ခက်ခဲခဲ ယှဉ်ပြိုင်ရဖွယ်ရှိပါတယ်။ ဆောက်သမ်းမြန်မာအသင်းကို အနိုင်ရခဲ့တဲ့ နှစ်ပွဲမှာလည်း ဂိုးမပြတ်ခဲ့တာကြောင့် ထိပ်ဆုံးနေရာမှာ ဆက်လက်ရပ်တည်နိုင်ဖို့ အားကုန်ထုတ် ကစားရမှာပါ။

ပွဲကောင်းတစ်ပွဲ

ဇေယျာရွှေမြေ အသင်းကတော့ အသင်းသစ် မနော်မြေအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ အခုတစ်ပတ်ရဲ့ စိတ်ဝင်စားဖွယ်အကောင်းဆုံး ပွဲတစ်ပွဲကတော့ ယမန်နှစ် ဒုတိယဆုရ ဒယ်လ်တာယူနိုက်တက်အသင်းနဲ့ ရန်ကုန်ယူနိုက်တက်တို့ တွေ့ဆုံတဲ့ပွဲပဲ ဖြစ်ပါတယ်။ ရန်ကုန်ယူနိုက်တက်အသင်းဟာ ချန်ပီယံလမ်းကြောင်းပေါ် ရောက်ရှိဖို့နဲ့ ထိပ်ဆုံးကကမ္ဘောဇအသင်း၊ ဒုတိယနေရာက ဇေယျာရွှေမြေကို အမီလိုက်ဖို့အတွက် အခုပွဲကို မဖြစ်မနေအနိုင်ရဖို့ လိုအပ်နေပါတယ်။ ဂါနာနောက်ခံလူ ဟန်ဆန် ပွဲပယ်ခံထားရပြီး ဒဏ်ရာရထားတဲ့ ဂျူလီယိုနဲ့ဒေးမစ်တို့ မပါနိုင်တာကြောင့် ရန်ကုန်ယူနိုက်တက် အားပျော့နိုင်ပါတယ်။ လေးပွဲကစားအပြီးမှာ လေးမှတ်ပဲ ရသေးတဲ့ ဒယ်လ်တာယူနိုက်တက်အသင်းရဲ့ ရုန်းကန်မှုကြောင့် အခုပွဲဟာ ပွဲကောင်းတစ်ပွဲ ဖြစ်လာနိုင်ပါတယ်။ ။ (မြန်မာ့အလင်း)

ထိပ်ဆုံးမှဦးဆောင်နေသည့် ကမ္ဘောဇ F.C။

ပွဲစဉ် (၆) ပွဲစဉ်များ

၁-၅-၂၀၁၀	ဥသာယူနိုက်တက် - ဇွဲကပင်ယူနိုက်တက်	ဗထူးကွင်း
၁-၅-၂၀၁၀	ဆောက်သမ်းမြန်မာ - ကမ္ဘောဇ	သုဝဏ္ဏကွင်း
၂-၅-၂၀၁၀	ဒယ်လ်တာယူနိုက်တက် - ရန်ကုန်ယူနိုက်တက်	သုဝဏ္ဏကွင်း
၂-၅-၂၀၁၀	မကွေး F.C - နေပြည်တော်	ဗထူးကွင်း
၃-၅-၂၀၁၀	ဇေယျာရွှေမြေ - မနော်မြေ	သုဝဏ္ဏကွင်း

ပွဲစဉ်(၅)အပြီး အသင်းများ၏ရပ်တည်မှု

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ကမ္ဘောဇ	၅	၄	၁	-	၇	-	၁၃
ဇေယျာရွှေမြေ	၅	၄	၁	-	၆	-	၁၃
ရန်ကုန်ယူနိုက်တက်	၅	၂	၂	၁	၁၁	၁	၈
ရတနာပုံ	၅	၂	၂	၁	၆	၆	၈
ဆောက်သမ်း	၄	၂	၁	၁	၆	၆	၇
မကွေး	၅	၁	၂	၂	၄	၁၀	၅
နေပြည်တော်	၄	၁	၁	၂	၇	၄	၄
ဒယ်လ်တာ	၄	၁	၁	၂	၃	၂	၄
မနော်မြေ	၄	၁	၁	၂	၄	၅	၄
ဥသာယူနိုက်တက်	၄	၁	-	၃	၁	၄	၃
ဇွဲကပင်	၅	-	-	၅	-	၁၇	-

နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်များ လျှောက်ထားလျက်ရှိ

နေပြည်တော် ဧပြီ ၃၀

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့ တည်ထောင်လိုသော ပါတီ၏အမည်ကို ဖော်ပြ၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိကြရာ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီနှင့် ညီညွတ်သောဒီမိုကရေစီပါတီ (ကချင်ပြည်နယ်) UNITED DEMOCRACY PARTY (Kachin State) တို့က ၂၀၁၀ခုနှစ် ဧပြီ ၃၀ရက်တွင် လာရောက်လျှောက်ထားခဲ့ကြသည်။ ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားသည့်အဖွဲ့ပေါင်း (၂၇)ဖွဲ့ ရှိပြီဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅တွင် အကျုံးဝင်သော ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီသည် ၂၀၁၀ခုနှစ် ဧပြီ ၃၀ရက်တွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့သည်။ သို့ဖြစ်ရာ ယနေ့အထိ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီပေါင်း (၅)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တောင်ကြီးမြို့ စက်မှုလက်မှုအထက်တန်းကျောင်း သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၃၀

တောင်ကြီးမြို့ စက်မှုလက်မှုအထက်တန်းကျောင်း၌ ၁၉၆၈-၁၉၉၈ခုနှစ်အတွင်း တက်ရောက်ပညာသင်ကြားခဲ့ကြသော ကျောင်းသားဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၂ရက် (တနင်္ဂနွေနေ့)တွင် တောင်ကြီးမြို့ ကုန်းသာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

အငြိမ်းစားဆရာ ဆရာမကြီးများသည် ဆရာဦးကျော်ချွန် (တောင်ကြီး) ဖုန်း-၀၈၁-၂၂၉၉၆၊ ဆရာဦးစိန်မောင်(ရန်ကုန်) ဖုန်း-၀၉-၅၁-၆၄၅၇၅နှင့် ဆရာဦးသောင်းထွန်း(ရန်ကုန်) ဖုန်း-၀၁-၇၂၂၅၇၁တို့သို့ ဆက်သွယ်ကြရန်နှင့် အလှူငွေ ထည့်ဝင်လိုသူများသည် ဦးချစ်ထွန်း(ရန်ကုန်) ဖုန်း-၀၉-၅၀-၁၉၇၇၁၊ ဦးစိုးမြင့်(ရန်ကုန်) ဖုန်း-၀၉-၅၁-၃၁၂၁၉၊ ဦးထွန်းထွန်းမောင်(ရန်ကုန်) ဖုန်း-၀၉-၅၁-၀၆၈၆၈၊ ဦးသိန်းလွင်(ရန်ကုန်) ဖုန်း-၀၉-၂၀-၁၈၀၆၁၊ ဦးလှသိန်း(ရန်ကုန်) ဖုန်း-၀၉-၅၁-၉၂၉၇၅၊ ဒေါ်စန်းစန်းမြင့်(သချ်ာဦးတင်ငွေ၏ သမီး) ဖုန်း-၀၉-၅၁-၈၄၄၂၈၊ ဦးတင်အောင်(တောင်ကြီး) ဖုန်း-၀၈၁-၂၀၀၆၅၉၊ ဦးစိုးညွန့်(တောင်ကြီး) ဖုန်း-၀၈၁-၂၁၆၅၇၊ ဦးခင်မောင်ဝင်း(တောင်ကြီး) ဖုန်း-၀၈၁-၂၁၇၁၅၊ ဦးအောင်မြင့်သိန်း(ပခုက္ကူ) ဖုန်း-၀၉-၂၃-၀၀၅၁၅၊ ဦးအေးဝင်း(မန္တလေး) ဖုန်း-၀၉-၅၂-၃၀၂၃၇နှင့် ဦးညိုမင်းဒင်(ရန်ကုန်) ဖုန်း-၀၁-၂၂၂၆၄၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

အထက်ပိုင်းဒေသများ၌ မိုးဆက်လက်ထစ်ချုန်းဖွယ်

နေပြည်တော် မေ ၃၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရန်ကုန်တိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၆ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဟားခါးမြို့တွင် ၀ ဒသမ ၉၁လက်မ၊ ကလေးမြို့တွင် ၀ ဒသမ ၈၆လက်မနှင့် ကလေးဝမြို့တို့တွင် ၀ ဒသမ ၆၇လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မေ ၁ရက် ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မေလ ပထမရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နတ်ဖြစ်ရတဲ့ဒုက္ခ မန္တလေးနှင့်ရန်ကုန်၌ ပြသ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် မေ ၃၀

လူ့ဘဝမှာရယ်စရာတွေ ရှိးသွားပြီလား မသိ။ နတ်ဘဝဖြစ်ရတဲ့ ဒုက္ခကို ဟာသနှောကာ ဇာတ်လမ်းဖွဲ့ ရိုက်ကူးထားသော **နတ်ဖြစ်ရတဲ့ဒုက္ခ** ဟာသဇာတ်မြူးကား ရုံဝင်လာသည်။

ပန်းချီရဲမာန်၏ ဇာတ်လမ်းကို နေစိုးသော် ဇာတ်ညွှန်းရေးပြီး ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်က ရိုက်ကူးထားသည်။

နေစရာဘုံဗိမာန်မရှိသော နတ်ကိုလောဘကြီးသော မိသိန်းကြွယ်တို့ လင်မယားက ဘုံဗိမာန်ဆောက်ပေးပြီး အားအားရှိတိုင်း မ,ခိုင်းနေ၍ နတ်ရွှေအိုးအမြင်ကတ်ကာ မ,မဘဲ နေတော့သည်။ သည်ကြားထဲ နတ်ကတော် ဂျမ်းဂျမ်းက နတ်ရွှေအိုးကို ခုတုံးလုပ်ကာ အပွကြီးသည်။ အကြံမအောင်သော အခါ နတ်ရွှေအိုးကို လွှဲချသည်။ လူအများ၏ ဒေါသက နတ်ရွှေအိုးအပေါ်ရောက်ကာ နတ်ရွှေအိုး ဘုံပျောက်တော့သည်။ တောရွာမှာ ဘုံပျောက်သော နတ်ရွှေအိုးက မောင်ရိုးကို အဖော်ပြုကာ မြို့ပေါ်တက်လာသည်။ မြို့တော်ကြီး၌ ဗေဒင်ဟောစားမှ အိမ်ထောင်ရေး အရှုပ်အထွေး ဘူးပေါ်သလို ပေါ်ကာ တလွဲတချော် ဖြစ်ရပုံများကို ဟာသနှောကာ နတ်ဒုက္ခကို ရိုက်ကူးထားသော ဇာတ်ကား ဖြစ်သည်။

နတ်ဖြစ်ရတဲ့ဒုက္ခ ဇာတ်ကားမှ စိုးမြတ်သူဇာ။

မန္တလေးမြို့ ဝင်းလိုက်နှင့် မြို့မရုံများတွင် ကြည့်ရှုနိုင်ပြီး ရန်ကုန် ပရိသတ်အတွက် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ကြည့်ကြရမည်ဖြစ်သည်။

ရွှေ့ဆောင်ရုံတွင် ဒါရိုက်တာမိုက်တီး၏ **ဝါဆိုဖယောင်းတိုင်** ဆက်လက်ပြသနေပြီး နေပြည်တော်ရုံတွင် **The Wolf-man** နိုင်ငံခြားဇာတ်ကား တစ်ကားသာ ကြည့်ကြရမည်ဖြစ်သည်။

အိန္ဒိယကားများ

တန်းမြင့် မြို့မရုံတွင် အိန္ဒိယတောင်ပိုင်းမင်းသား ရာဂျနီးခေါင်းဆောင်ပါဝင်ထားသော **Sivajithe Bot** ဇာတ်ကား ရုံဝင်လာသည်။ မြို့လယ် ဘုရင့်ရုံတွင် **Ajnabee** ဒရာမာအက်ရှင်ကား ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် မင်းသား အက်ရှေးကူးမား၊ ဘော်ဘီဒိုးလ်နှင့် မင်းသမီး ကရီးနားကပူးရ်တို့ ပါဝင်ထားသည်။

ရှော့ရှိတဲ့အချစ်များ

ဒါရိုက်တာ ကိုဇော် (အရဏ်ဦး) ရိုက်ကူးပြီး ခန့်စည်သူ၊ ပြေတီဦး၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်နှင့် မိုးဟေကိုတို့ ပါဝင်ထားသော **ရှော့ရှိတဲ့အချစ်များ**မှာ နဝဒေးရုံတွင် ပြသနေသည်။ **မာမီရှိန်း**မှာ မြို့လယ် ဝဇီရာ(၁)တွင် တစ်ကျော့ပြန် ဝင်လာသည်။

ဝါဆိုဖယောင်းတိုင်

ဒါရိုက်တာ မိုက်တီး၏ **ဝါဆိုဖယောင်းတိုင်** မှာ ရွှေ့ဆောင်၊ ရွှေမန်း၊ စံပြနှင့် သီတာရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။ **အမေရောက်ရာအရပ်မှ အမြန်ဆက်သွယ်ပါ** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ မဟာမြိုင်၊ ရွှေဇာဟိုရ်၊ ဘုရင့်နောင်၊ ဧရာဝတီ၊ မြရတနာနှင့် ဝဇီရာ (၂) လှိုင်သာယာရုံများတွင် ကြည့်ကြရမည် ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာ့ဖလားပုံရိပ်လွှာ

ဂျာမနီတို့ ကမ္ဘာ့ဖလား ရယူအောင်ပွဲခံခဲ့စဉ်က....

ရေးသူ - မောင်မောင်မြင့်ဆွေ

စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

ဂျီနီဗာ မေ ၃၀

ဒုတိယကမ္ဘာစစ် ပြီးဆုံးတဲ့နောက်ပိုင်းမှာတော့ ကမ္ဘာ့ဖလားဘောလုံးပွဲတွေ ဆက်တိုက်ကျင်းပနိုင်ခဲ့ပါတယ်။ ၁၉၅၄ခုနှစ်မှာတော့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဆွစ်ဇာလန်နိုင်ငံက အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပခဲ့ပါတယ်။ ဆွစ်ဇာလန် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကလည်း စိတ်ဝင်စားမှုအပြည့်နဲ့ ကမ္ဘာ့ဘောလုံးပရိသတ်ကို ဆွဲဆောင်နိုင်ခဲ့ပြန်ပါတယ်။

ပါဝင်ဆင်နွှဲ

၁၉၅၄ခုနှစ် ဆွစ်ဇာလန် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဝင်ရောက်ဆင်နွှဲဖို့အတွက် ခြေစစ်ပွဲဝင်တဲ့ အသင်းပေါင်း ၄၅သင်းမှ အသင်း ၁၆သင်းပဲ နောက်ဆုံး ပါဝင်ဆင်နွှဲခဲ့ကြပါတယ်။ ပြိုင်ပွဲမစတင်မီကတည်းက ဗိုလ်စွဲမယ်လို့ ရေပန်းအစားဆုံးအသင်းကတော့ စပိန်ဖြစ်ပြီး ခြေစစ်ပွဲကာလတစ်လျှောက်မှာ ရှုံးပွဲမရှိခဲ့တာမို့ နာမည်ကြီးခဲ့ခြင်းလည်း ဖြစ်ပါတယ်။

ကော်ကောင်

ဆွစ်ဇာလန် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ထူးထူးခြားခြား ကော်ကောင်အဖြစ်ပါဝင်လာတဲ့ အသင်းကတော့ တောင်ကိုရီးယားပဲ ဖြစ်ပါတယ်။ တောင်ကိုရီးယား ဘောလုံးအဖွဲ့ချုပ်က နိုင်ငံတကာအဆင့် ဘောလုံးပြိုင်ပွဲတွေမှာ ပါဝင်ဆင်နွှဲခွင့်ရအောင် ကမ္ဘာ့ဖလားဘောလုံးပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခြင်း ဖြစ်ပါတယ်။ ဒါပေမယ့်တောင်ကိုရီးယားရဲ့ ခြေစွမ်းက ကောင်းတာမို့ ပြိုင်ဘက်အသင်းတွေက သတိထားကစားခဲ့ကြပါတယ်။

ယှဉ်ပြိုင်

ဘောလုံးအသင်း ၁၆သင်း ပါဝင်ဆင်နွှဲတာမို့ တစ်အုပ်စုလေးသင်းပါတဲ့ အုပ်စုလေးစုခွဲပြီး ယှဉ်ပြိုင်စေခဲ့ပါတယ်။ အဲဒီအုပ်စုလေးစုက ပထမနဲ့ ဒုတိယရရှိတဲ့ အသင်းတွေက ကွာတားဖိုင်နယ်ကို တက်ရောက်မှာဖြစ်ပြီး အဆင့်ဆင့် ဆက်လက်ပြိုင်ပွဲဝင်စေခဲ့တာ ဖြစ်ပါတယ်။

ကမ္ဘာ့ဖလား ပထမဆုံး ဆွတ်ခူးနိုင်ခဲ့သည့် အနောက်ဂျာမနီအသင်း

၁၉၅၄ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ကမ္ဘာ့ဖလားကို ပထမဆုံး ဆွတ်ခူးနိုင်ခဲ့သည့် အနောက်ဂျာမနီအသင်းကို ဤသို့ မြင်တွေ့ရသည်။

ဗိုလ်လုပွဲ

၁၉၅၄ခုနှစ် ဆွစ်ဇာလန် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို တက်ရောက်လာကြတဲ့အသင်းတွေကတော့ အနောက်ဂျာမနီအသင်း(ထိုကာလက ဂျာမနီနှစ်နိုင်ငံပေါင်းစည်းမှုမရှိသေး)နဲ့ ဟန်ဂေရီအသင်းတို့ပဲဖြစ်ပါတယ်။ ဟန်ဂေရီအသင်းဟာ တစ်ဦးချင်းခြေစွမ်းထက်မြက်ပေမယ့် အဆုံးသတ် ပိုသေချာတဲ့ အနောက်ဂျာမနီအသင်းက အနိုင်ရဗိုလ်စွဲခဲ့ပါတယ်။ ဒီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ဟန်ဂေရီအသင်းခေါင်းဆောင် ဖရန့်ပွတ်ရှ်စကက်စ်နဲ့ တိုက်စစ်မှူး ဟိုင်ဒီရူကီတို့ အတွဲညီညီ ကစားပြီး ခြေစွမ်းပြနိုင်ခဲ့လို့ နာမည်ကြီးခဲ့ပါတယ်။

ဂိုးသွင်းမှု

ဆွစ်ဇာလန် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာတော့ ပြိုင်ပွဲဝင်အသင်း ၁၆သင်းရဲ့ စုစုပေါင်းသွင်းဂိုးဟာ ၁၄၀ရှိခဲ့လို့ ကျင်းပပြီးစီးခဲ့တဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ သမိုင်းမှာတော့ သွင်းဂိုးအများဆုံးပါပဲ။ ဒါကြောင့် တစ်ပွဲချင်း ပျမ်းမျှဂိုးသွင်းနှုန်းဟာ ၅ ဒသမ ၃၈ဂိုး ရှိခဲ့ပါတယ်။ ဒါကလည်း ပြိုင်ပွဲဝင်အသင်းတွေရဲ့ ကစားတဲ့နည်းဗျူဟာ ပြောင်းလဲဆန်းသစ်လာသလို ဘောလုံးသမားတစ်ဦးချင်းရဲ့ အရည်အချင်းတွေ တိုးတက်မြင့်မားလာလို့ပဲဖြစ်ပါတယ်။

ရွှေဖိနပ်ဆု

၁၉၅၄ခုနှစ် ဆွစ်ဇာလန် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ဂိုးအများဆုံးသွင်းပြီး ရွှေဖိနပ်ဆုရယူခဲ့တဲ့ ဘောလုံးသမားကတော့ ဟန်ဂေရီအသင်းတိုက်စစ်မှူး ဆန်ဒေါကော့ဆစ်ဖြစ်ပါတယ်။ သူက စုစုပေါင်း သွင်းဂိုး ၁၁ဂိုးနဲ့ ရွှေဖိနပ်ဆု ရယူနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဟန်ဂေရီအသင်းဟာ စုစုပေါင်း ၂၇ဂိုး သွင်းယူနိုင်ခဲ့လို့ အသင်းလိုက်ဂိုးအများဆုံးသွင်းယူနိုင်ခဲ့တဲ့ အသင်းလည်း ဖြစ်ပါတယ်။

ထူးခြားမှု

၁၉၅၄ခုနှစ် ဆွစ်ဇာလန် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲက စတင်ပြီး ဘောလုံးပွဲတစ်ပွဲချင်းအလိုက် ရုပ်မြင်သံကြားက တိုက်ရိုက်ထုတ်လွှင့်ပြသမှု စတင်ခဲ့ပါတယ်။ ဒါ့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးက ဘောလုံးပရိသတ်တွေဟာ ရုပ်မြင်သံကြားရှေ့ထိုင်ပြီး စိတ်ပါဝင်စားစွာ ဝိုင်းအုံကြည့်ရှုအားပေးနိုင်ခဲ့ကြပါတယ်။ ဒါ့အပြင် ဒီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကစတင်ပြီး အုပ်စုပွဲစဉ်တွေက အစပွဲချိန် မိနစ် ၉၀ပြည့်တဲ့အထိ သရေပွဲဖြစ်နေရင် အချိန်ပို မိနစ် ၃၀ ထပ်မံကစားမှုကို စတင်ကျင့်သုံးခဲ့ပါတယ်။ အဲဒီအချိန်ပိုနဲ့မှ အနိုင်အရှုံး မပေါ်ထွက်ခဲ့ရင်တော့ သရေပွဲအဖြစ် တရားဝင်သတ်မှတ်ပြီး အမှတ်ခွဲဝေယူကြရမယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။

စံချိန်တင်

ဆွစ်ဇာလန် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ ဟန်ဂေရီနဲ့ ဘရာဇီးတို့တွေ့ဆုံတဲ့ပွဲမှာ နှစ်ဖက်ဘောလုံးသမား သုံးဦး အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရလို့ ကမ္ဘာ့ဖလားဘောလုံးပွဲသမိုင်းမှာတော့ အနီကတ်ပြ ထုတ်ပယ်ခံရတဲ့ ကစားသမားဦးရေ အများဆုံးအဖြစ် စံချိန်တင်ခဲ့ပါတယ်။ ဒါ့အပြင် ဟန်ဂေရီဘောလုံးသမားတွေရဲ့ အဝတ်လဲခန်းအတွင်းအထိ ဘရာဇီးဘောလုံးသမားတွေ ဝင်ရောက်တိုက်ခိုက် ထိုးကြိတ်မှုဖြစ်ပွားခဲ့လို့ အရေးယူခဲ့ရတဲ့အထိ ဖြစ်ခဲ့ပါတယ်။

တောင်ကိုရီးယားဂိုးသမား

ဆွစ်ဇာလန် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ တောင်ကိုရီးယားအသင်း ဂိုးသမား ယွန်ဟောင်ဒက်ဟာ ဘောလုံးပွဲနှစ်ပွဲမှာ ၁၆ဂိုး အသွင်းခံခဲ့ရလို့ ဂိုးအများဆုံးအသွင်းခံရတဲ့ ဂိုးသမားအဖြစ် မှတ်တမ်းဝင်ခဲ့ပြန်ပါတယ်။ နောက်ပြီး အနောက်ဂျာမနီအသင်းမှာ ဖရစ်ဇ်နဲ့ အော့တ်မာဝေါလ်တာတို့ ညီအစ်ကိုနှစ်ဦး အကြိုဗိုလ်လုပွဲပါဝင်ကစားခွင့်ရလို့ ညီအစ်ကိုနှစ်ဦး ကမ္ဘာ့ဖလားဘောလုံးပွဲမှာ တစ်သင်းတည်း ပါဝင်ဆင်နွှဲခွင့်ရတဲ့ ပထမဆုံး ညီအစ်ကိုနှစ်ဦးအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ ဒါ့အပြင် အနောက်ဂျာမနီအသင်းနဲ့ တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်တဲ့ပွဲမှာ အနောက်ဂျာမနီက ကိုးဂိုးပြတ်နဲ့ အနိုင်ရယူခဲ့လို့ တောင်ကိုရီးယားတို့ မျက်နှာပျက်စရာဖြစ်ခဲ့ပါတယ်။ အဲဒီပွဲကလည်း ကမ္ဘာ့ဖလားဘောလုံးပွဲသမိုင်းမှာ ဂိုးအများဆုံးသွင်းယူခဲ့တဲ့ မှတ်တမ်းတင်ခဲ့ပါတယ်။

နောက်ပြီး ဆွစ်ဇာလန် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ လက်ရှိကမ္ဘာ့ဖလားချန်ပီယံ ဥရုဂွေးဟာ ဆွစ်ဇာလန် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပါဝင်ဆင်နွှဲခဲ့လို့ ဥရောပမှာကျင်းပခဲ့တဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွေမှာ ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ပွဲအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ ဥရုဂွေးအသင်းဟာ အရင်က ဥရောပမှာကျင်းပခဲ့တဲ့ ကမ္ဘာ့ဖလားဘောလုံးပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ခြင်း မရှိပါဘူး။ အဲဒါကလည်း ခရီးကွာဝေးလွန်းတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

ဒါကြောင့် ဆွစ်ဇာလန် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဟာ စိတ်ဝင်စားစရာ ထူးခြားမှုဖြစ်ရပ်တွေနဲ့ လွှမ်းနေခဲ့လို့ ကမ္ဘာ့ဘောလုံးပရိသတ်တွေ အကြိုက်တွေ့စေခဲ့တဲ့ ဘောလုံးပြိုင်ပွဲပဲ ဖြစ်ပါတယ်။ ။

(အင်တာနက်)

ပန်းအလှပင်များ ပြုပြင်စိုက်ပျိုး

မေ ၂၄ရက်က ဟုမ္မလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသင်းအောင်တို့ ကြီးကြပ်မှုဖြင့် စည်ပင်သာယာအဖွဲ့ ဝန်ထမ်းများ ဗိုလ်ချုပ်လမ်း (လေဆိပ်အဝင်လမ်း) တြိဂံအတွင်းရှိ ပန်းအလှပင်များ ပြုပြင်စိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ရီရဲကွင်းလယ်မှ ဒီယာရာအား မန်ယူ လေ့လာအကဲခတ်နေ

မန်ယူအသင်းသည် ရီရဲကွင်းလယ်ကစားသမား လက်ဆာနာဒီယာရာအား စာချုပ်ခေါ်ယူရန် လေ့လာစုံစမ်းမှုများပြုလုပ်နေကြောင်း၊ သို့သော်လည်း လီဗာပူးကမူ ရီရဲက ဒီယာရာ၏ပြောင်းရွှေ့ကြေးကို ပေါင် ၁၇သန်းဟု ဆိုထားသဖြင့် နောက်ဆုတ်သွားဖွယ်ရှိကြောင်း ဖော်ပြသည်။

ဆားဘီးယားမှ ဆူဘိုတစ်အား ဒေါ့တမန် ခေါ်ယူ

ဘိုရူရှားဒေ့ါတမန်အသင်းသည် မန်ယူက ပစ်မှတ်ထားနေသော အသက် (၂၁)နှစ်ရှိ ဆားဘီးယားလက်ရွေးစင်အသင်း ဗဟိုခံစစ်မှူး နီဗင်ဆူဘိုတစ်အား ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀ပေးခေါ်ယူခဲ့ကြောင်း၊ ၎င်းအား အာဆင်နယ်နှင့် မန်စီးတီးတို့ကလည်း ခေါ်ယူလိုကြကြောင်း သိရသည်။

တိုက်စစ်မှူး တီဗက်ဇ်အား မန်စီနီ ထွက်ခွာခွင့်ပြု

မန်စီးတီးမှ အာဂျင်တီးနားတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်အနေဖြင့် အသင်းတွင် မပျော်ရွှင်ပါက ထွက်ခွာခွင့်ပြုကြောင်း မန်စီးတီးနည်းပြ မန်စီနီက ထုတ်ဖော်ပြောကြားလိုက်သည်။

ရီပီရီစ့်အား စတီဘရစ် ပွဲဦးထွက် စာချုပ်ပွယ်

ဆန်းဒါးလန်းနည်းပြ စတီဘရစ်သည် ယခုနွေရာသီတွင် ပါရာဂွေး လက်ရွေးစင်အသင်း ကွင်းလယ်ကစားသမား ခရစ္စတီယန်ရီပီရီစ့်အား ပထမဦးဆုံး စာချုပ်ခေါ်ယူဖွယ်ရှိသည်။

အယ်လ်တင်တော့ပ်အား စာချုပ်ရန် အသင်းသုံးသင်းအပြိုင်ကြိုးပမ်း

ယခုရာသီအကုန်တွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် တူရကီလက်ရွေးစင်ကွင်းလယ်ကစားသမား ဟာမစ်အယ်လ်တင်တော့ပ်အား စာချုပ်ခေါ်ယူရန် စပါး၊ အက်သလက်တီကို မက်ဒရစ်နှင့် ဂါလာတာဆာရေးတို့ အပြိုင်ကြိုးပမ်းနေကြသည်။

တွန်ကေးနှင့် ကစ်ဆန်တို့အား ပူလစ်ရောင်းထုတ်ပွယ်

စတုတ်က ချယ်လ်ဆီးအသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီးနောက် စတုတ်နည်းပြတိုနီပူလစ်သည် အသင်း၏ ထူးချွန်ထက်မြက်သည့် တိုက်စစ်မှူး နှစ်ဦးဖြစ်သည့် တွန်ကေးနှင့် ဒေ့ဗ်ကစ်ဆန်တို့အား ရောင်းထုတ်ဖွယ်ရှိသည်။

မိုဒရစ်အား စာချုပ်ခေါ်ယူရန် မန်ယူစီစဉ်

မန်ယူအသင်းသည် စပါးအသင်းမှ အသက် (၂၄)နှစ်ရှိ ခရိုအေးရှား ကွင်းလယ်ကစားသမား လူကာမိုဒရစ်အား ယခု နွေရာသီတွင် နံပါတ်တစ် ပစ်မှတ်အဖြစ် သတ်မှတ်ထားပြီး ပြောင်းရွှေ့ကြေး ပေါင် ၂၅သန်းပေး ကမ်းလှမ်းစာချုပ်ခေါ်ယူရန် စီစဉ်ပြင်ဆင်နေသည်။

စတုဂတ် တင်းနစ်ပြိုင်ပွဲ၌ ဆာဖီနာ နိုင်ပွဲရရှိ

ကျောကုန်းဒဏ်ရာကြောင့် သုံးလခန့်မျှ ပြိုင်ပွဲနှင့်ကင်းကွာနေပြီး နိုင်ပွဲနှင့် ဝေးနေသူ ကမ္ဘာ့အဆင့်(၃) ရုရှားတင်းနစ်မယ် ဒီနာရာဆာဖီနာသည် စတုဂတ်ဂရင်း ပရစ်ကိတင်းနစ်ပြိုင်ပွဲ၌ ဟန်ဂေရီတင်းနစ်မယ် အက်ဂနက်စ်အက်စ်ဇာဗေးအား ၇-၆(၇-၅)၊ ၃-၆၊ ၆-၀ဖြင့် အနိုင်ရရှိခဲ့သည်။

ရောမမာစတာ တင်းနစ်ပြိုင်ပွဲ၌ မာရေး ရှုံးပွဲကြုံ

အီတလီနိုင်ငံရောမမြို့၌ ကျင်းပလျက်ရှိသည့် ရောမမာစတာ တင်းနစ်ပြိုင်ပွဲ တတိယအဆင့် ပတ်လည်ပွဲစဉ်တွင် ဗြိတိသျှတင်းနစ်အကျော်အမော် အန်ဒီမာရေးသည် စပိန်အဆင့်(၁၃)ရှိ တင်းနစ်သမား ဒေးဗစ်ဖာရာအား ၃-၆၊ ၄-၆ဖြင့် ရှုံးနိမ့်ခဲ့သည်။

စမစ်၏ စံချိန်ကိုချိုးရန် တိုင်ဆန်ဂေး ကြံရွယ်

ပြေးခုန်ပစ်အားကစားသမား တိုင်ဆန်ဂေးသည် မီတာ ၂၀၀အပြေးပြိုင်ပွဲ၌ တော်မီစမစ်က လွန်ခဲ့သော ၁၉၆၆ခုနှစ်မှ ယခုအထိ ၄၄နှစ်ကြာ စံချိန်တင်ထားသော ၁၉ဒသမ၅စက္ကန့်ကို မေလအတွင်း မန်ချက်စတာမြို့၌ ကျင်းပမည့် ပြေးခုန်ပစ်ပြိုင်ပွဲ၏ မီတာ ၂၀၀ပွဲစဉ်တွင် စံချိန်ချိုးရန် ရည်ရွယ်ထားသည်။

မာရသွန်ပြိုင်ပွဲ နှစ်ပွဲတွင် ယှဉ်ပြိုင်ရန် ရော်ဘင်ဆင်ရည်မှန်း

ပြေးခုန်ပစ်ကစားသမားဒန်ရော်ဘင်ဆင်က ၎င်း၏ ခြေသလုံးကြွက်သားဒဏ်ရာသည် သာမန်သာဖြစ်ကြောင်း၊ ယခုနှစ်အတွင်း ကျင်းပမည့် အဓိကမာရသွန်ပြိုင်ပွဲကြီးနှစ်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် ရည်မှန်းထားကြောင်း ဖွင့်ဟခဲ့သည်။ ။

နောက်ဆုံးလက်ကျန်ပွဲများနှင့် ရင်ခုန်ဖွယ် ပရီမီယာလိဂ်

ရေးသူ-မောင်ချစ်ကြည် — စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

လန်ဒန် ဧပြီ ၃၀

၂၀၀၉-၂၀၁၀ ပရီမီယာလိဂ်ဘောလုံးရာသီပြီးဆုံးတော့မည်။ ထိပ်ဆုံးမှ ချယ်လ်ဆီးနှင့် မန်ယူတို့ ပွဲတူရမှတ်ကွာခြားမှုတစ်မှတ်သာဖြစ်နေရာ ဖလားဆွတ်ခူးနိုင်ရေးမှာ ရင်ခုန်ဖွယ်ရာ အနေအထားဖြစ်နေသည်။ ထို့အတူ စတုတ္ထနေရာအတွက် စပါးနှင့် မန်စီးတီးတို့ကလည်း အကြိတ်အနယ်ဖြစ်လျက်ရှိရာ ပင့်သက်ဖြာဖွယ်ဖြစ်နေပြန်သည်။

မန်ယူ

မန်ယူ

ပရီမီယာလိဂ်ပွဲစဉ် ၃၆ပွဲ ကစားပြီးချိန်တွင် မန်ယူ ၇၉ မှတ် ရရှိထားပြီး ၈၀ဂိုး သွင်းယူထားနိုင်သည်။ မန်ယူတွင် ရွန်နီ ဒဏ်ရာက သက်သာစပြုနေသော်လည်း လက်ကျန်ပွဲနှစ်ပွဲ၌ ပါဝင်ကစားနိုင်မှု ရှိ၊ မရှိ မသေချာပေ။ မန်ယူအတွက် လက်ကျန်နှစ်ပွဲမှာမေ ၂ရက်တွင် အဝေးကွင်း၌ ဆန်းဒါးလန်းနှင့် ကစားရမည်ဖြစ်ပြီး မေ ၉ရက်၌ အိမ်ကွင်းတွင် စတုတ်ကို ဧည့်ခံယှဉ်ပြိုင်ရမည် ဖြစ်သည်။ မန်ယူအတွက် ဆန်းဒါးလန်းနှင့် စတုတ်တို့ ပွဲနှစ်ပွဲစလုံး အခက်အခဲ မရှိနိုင်ပါချေ။ ဆန်းဒါးလန်းသည် လက်ကျန်နှစ်ပွဲစလုံးရှုံးသော်လည်း တန်းဆင်းနိုင်ဖွယ် မရှိသဖြင့် မန်ယူကို ဂုဏ်သိက္ခာအရသာ ယှဉ်ပြိုင်မည့် အနေအထားရှိနေသည်။ သို့သော် မန်ယူ၏ လက်ရှိခြေစွမ်းနှင့် အနိုင်ရလိုမှု စိတ်ဓာတ်ကြောင့် ဆန်းဒါးလန်း အိမ်ကွင်း၌ဖြစ်သော်လည်း အခက်အခဲ မရှိနိုင်ချေ။ စတုတ်နှင့် နောက်ဆုံးပွဲစဉ်သည် မန်ယူအိမ်ကွင်းဖြစ်ရာ ရွန်နီ ပါဝင်ကစားနိုင်မည်ဟု ဖာဂူဆန်က ပြောကြားထားသဖြင့် ဖိအားကင်းကင်းဖြင့် ကစားမည့် စတုတ်တို့ကလည်း မန်ယူအတွက် အဟန့်အတားဖြစ်နိုင်ဖွယ် မမြင်ချေ။ ထို့ကြောင့် လက်ကျန်နှစ်ပွဲသည် မန်ယူအတွက် အမှားအယွင်းမရှိ ကစားနိုင်မည့်ပွဲများဖြစ်သည်။

မန်စီးတီး

စတုတ္ထနေရာကိုပစ်မှတ်ထားပြီး ကြိုးစားနေသည့် မန်စီးတီးတို့သည် မေ ၁ရက်၌ အိမ်ကွင်းတွင် ဗီလာနှင့် ကစားရမည့်ပွဲက အကြိတ်အနယ် နွှဲရမည့်ပွဲဖြစ်သည်။ ဗီလာကလည်း လက်ရှိ ၃၆ပွဲကစားပြီး ၆၄မှတ်ရရှိထားသဖြင့်မန်စီးတီးကို အလျှော့ပေးမည်မဟုတ်ချေ။ မေ ၅ရက်၌ ကစားမည့် မန်စီးတီးကွင်း၌ စပါးနှင့်ပွဲကား စတုတ္ထနေရာအတွက် ပြတ်သားသော အဆုံးအဖြတ်ပေးမည့်ပွဲဖြစ်နေသည်။ စတုတ္ထနေရာအတွက် မန်စီးတီးနှင့် စပါးတို့ပွဲကလည်း ရင်ခုန်စရာဖြစ်နေသည်။ မန်စီးတီးနည်းပြ မန်စီနီက "စတုတ္ထနေရာအတွက် ကျွန်တော့်မှာ ဖိစီးမှု မရှိပါဘူး။ မျှော်လင့်ချက် အပြည့်ရှိနေပါတယ်။ ကျွန်တော် မန်စီးတီးနည်းပြအဖြစ် တာဝန်ယူကတည်းက အဓိက ရည်မှန်းချက်က စတုတ္ထနေရာ ရရှိဖို့ပါပဲ" ဟု ပြောကြားနေရာ မန်စီးတီးတို့ ခြေကုန်ထုတ်မည်သာ ဖြစ်သည်။

သို့သော်လည်း နောက်ဆုံးပွဲအဖြစ် အဝေးကွင်း၌ ဝက်စ်ဟမ်းနှင့်ပွဲကလည်း အတားအဆီး တစ်ခုသဖွယ် ဖြစ်နေသည်။ စပါးတို့ကလည်း လက်ရှိအနေအထား၌ လီဗာပူးထက် တစ်ပွဲလျှော့ နှစ်မှတ်အသာရရှိထားရာ စတုတ္ထ နေရာအတွက် မျှော်လင့်ချက် အပြည့်ထားနေသည်။ စပါးက လက်ကျန်ပွဲအဖြစ် ဘော်လ်တန်၊ မန်စီးတီး၊ ဘန်လေ တို့နှင့် ကစားရမည်ဖြစ်ရာ ပွဲမချောင်လှချေ။ သို့သော်မန်စီးတီးကိုနိုင်ခဲ့လျှင်စပါးတို့အခြေအနေကောင်းနိုင်သည်။

လီဗာပူး

စတုတ္ထနေရာကို မျှော်လင့်နေသည့် လီဗာပူးတို့ ၃၆ပွဲကစားပြီးချိန်တွင် ၆၂မှတ် ရရှိထားသည်။ လက်ကျန်နှစ်ပွဲအဖြစ် အိမ်ကွင်း၌ ချယ်လ်ဆီးနှင့် လက်ခံကစားရမည်ဖြစ်ပြီး မေ ၉ရက်၌ အဝေးကွင်းတွင် ဟူးလ်စီးတီးနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ လက်ကျန်နှစ်ပွဲစလုံး အနိုင်ကစားပြီး စပါးတို့အတိမ်းအစောင်းဖြစ်မှသာ လီဗာပူးတို့ အခြေအနေကောင်းနိုင်မည်ဖြစ်ရာ မျှော်လင့်ချက် များများ ထား၍ မရနိုင်ပါချေ။

ချယ်လ်ဆီး

ပရီမီယာလိဂ်(၃၆)ပွဲကစားပြီးချိန်တွင် ချယ်လ်ဆီးတို့ ရမှတ် ၈၀နှင့် သွင်းဂိုး ၉၃ဂိုး ရရှိထားသည်။ လက်ရှိ အနေအထား၌ ချယ်လ်ဆီးတို့ ဂိုးအများဆုံးသွင်းယူထား နိုင်သည်။ လက်ကျန်ပွဲနှစ်ပွဲအဖြစ် အဝေးကွင်းအန်းဖီးလ်၌ လီဗာပူးနှင့် ကစားရမည့်ပွဲနှင့် မေ ၉ရက်၌ အိမ်ကွင်းတွင် ဝီဂန်ကို ဧည့်ခံကစားရမည့်ပွဲများ ယှဉ်ပြိုင်ရမည် ဖြစ်သည်။ ချယ်လ်ဆီးတွင် အားထားရသည့် အက်ဆီယံ ဒဏ်ရာကြောင့် မပါဝင်နိုင်သော်လည်း လမ်းပတ်နှင့် ဘောလက်တို့ ခြေစွမ်းပြနိုင်နေကြသည်။ တိုက်စစ်တွင် ဒရော့ဘာ၊ အနယ်ကာ၊ ကာလူးတို့က ကြံ့ခိုင်မှုအပြည့် ဖြစ်နေရာ လီဗာပူးကို အနိုင်ကစားနိုင်သည့်အနေအထား ရှိနေသည်။ သို့သော် လီဗာပူးကလည်း စတုတ္ထနေရာ အတွက် နိုင်ပွဲရမှ မျှော်လင့်နိုင်မည်ဖြစ်ရာ ချယ်လ်ဆီးကို အနိုင်ရလဒ်ကလွဲပြီး အခြားမျှော်လင့်ချက်ထားမည် မဟုတ်ချေ။ ချယ်လ်ဆီးနှင့် လီဗာပူးတို့ပွဲသည် ပရီမီယာလိဂ်ဖလားပိုင်ရှင်မည်သူဖြစ်မည်ကို အဆုံးအဖြတ် ပေးမည့်ပွဲဖြစ်သလို စတုတ္ထနေရာအတွက် လီဗာပူးအား မျှော်လင့်ချက်ရှင်သန်စေမည့် ပွဲလည်းဖြစ်သည်။ နှစ်သင်း စလုံး အိတ်သွန်ဖာမှောက်ကစားမှသာ ဆန္ဒကိုယ်စီ ပြည့်ဝ နိုင်မည်ဟု ယူဆမိပါကြောင်း။ ။

ကိုးကား-အင်တာနက်

ရစ်ဘာရီအား သုံးပွဲပယ်ထားမှု ဘိုင်ယန်မြူးနစ် အယူခံဝင်မည်

မြူးနစ် ဧပြီ ၃၀

ဘိုင်ယန်မြူးနစ်က မေ ၂၂ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ် ဗိုလ်လုပွဲတွင် ရစ်ဘာရီပါဝင်နိုင်ရန်အတွက် ၎င်းအား အနီကတ်ဖြင့် သုံးပွဲပယ်ထားမှုကို အယူခံဝင်မည်ဟုဆိုသည်။

လွဲချော်

ကွင်းလယ်ကစားသမား ရစ်ဘာရီသည် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမ အကျော့တွင် ထွက်ခဲ့ရသဖြင့် ဒုတိယ အကျော့၌ လိုင်ယွန်ကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့်ပွဲနှင့် လွဲချော်ခဲ့ရသည်။

ထုတ်ပယ်

၎င်းသည် လိုင်ယွန်မှ လီဆန်ဒရို လိုပက်ဇ်အား ကြမ်းတမ်းစွာကစားခဲ့မိ၍ တိုက်ရိုက် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရခြင်း ဖြစ်သည်။ (အင်တာနက်)

ရောမ မာစတာဖလားတင်းနစ်ပြိုင်ပွဲ ရာဖေးလ်နာဒယ် တတိယအဆင့်တက်ရောက်

ရောမ ဧပြီ ၃၀

စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် ရောမမာစတာဖလား တင်းနစ်ပြိုင်ပွဲတွင် ဂျာမန် တင်းနစ်ကစားသမား ကို့စ်စချီဘာအား ၆-၁၊ ၆-၃ ဖြင့် နိုင်ပြီး တတိယအဆင့်ပြိုင်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

မျှော်လင့်ထား

ကမ္ဘာ့အဆင့်(၃)ရာဖေးလ်နာဒယ်သည် ကို့စ်စချီဘာအား ၁နာရီနှင့် ၁၀ မိနစ်ကြာအောင် ကစားခဲ့ရသည်။ ရာဖေးလ်နာဒယ်သည် တတိယအဆင့်တွင် ရိုမေးနီးယားမှ ဗစ်တာဟာနက်စကူနှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ၎င်းအနေဖြင့် ခြောက်နှစ်တာကာလအတွင်း ယင်းရောမဖလားကို ပဉ္စမအကြိမ်အဖြစ် ဆွတ်ခူးရန် မျှော်လင့်ထားသည်။ **(အင်တာနက်)**

ခရူဆာဝိတ်တန်းချန်ပီယံခါးပတ် မက်ကာရီနယ်လီကာကွယ်မည်

လန်ဒန် ဧပြီ ၃၀

ဥရောပခရူဆာဝိတ်တန်းချန်ပီယံ မက်ကာရီနယ်လီက ၎င်းသည် ကမ္ဘာ့ ချန်ပီယံခါးပတ်ကို ပြန်လည်ရယူနိုင်သူ ဖြစ်လာလိမ့်မည် ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ထိုးသတ်

မက်ကာရီနယ်လီနှင့် ဂျာမန် လက်ဝှေ့သမား မာကိုဟွတ်တို့သည် လာမည့် သီတင်းပတ်အတွင်း ခရူဆာဝိတ်တန်း ချန်ပီယံခါးပတ်လုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ရယူ

မက်ကာရီနယ်လီသည် ယင်းချန်ပီယံ ခါးပတ်ကို ဧပြီ ၂၇ ရက်က ရုရှားလက်ဝှေ့ သမား အလက်ဇန္ဒား ကော့တိုဘေးအား ထိုးသတ်ပြီး ရယူခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

မြင့်မောင်စိုး-စုစည်းသည်



မန်ယူညာနောက်ခံလူ ဂယ်ရီနဗီးလ် အသင်းနှင့်တစ်နှစ် ထပ်မံစာချုပ်ချုပ်ဆို

လန်ဒန် ဧပြီ ၃၀

မန်ယူအသင်းခေါင်းဆောင် ဂယ်ရီ နဗီးလ်သည် အသင်းနှင့် တစ်နှစ် သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ကို ထပ်မံချုပ်ဆိုလိုက်ပြီဖြစ်သည်။

အသက် ၃၅နှစ်အရွယ်ရှိ နဗီးလ်သည် ၂၀၀၇ခုနှစ် မတ်လတွင် ပြင်းထန်သော ခြေချင်းဝတ် ဒဏ်ရာရရှိခဲ့ပြီးနောက် မန်ယူအသင်း၏ ပွဲစဉ်များနှင့် ၁၈လနီးပါး လွဲချော်ခဲ့သည်။ သို့သော်လည်း နဗီးလ်သည် ယခုရာသီတွင် ပရီမီယာလိဂ်ချန်ပီယံ မန်ယူအတွက် ပွဲပေါင်း၂၇ပွဲ ပွဲထွက် ကစားနိုင်ခဲ့ပြီး မန်ယူတွင် ပွဲဦးထွက်စတင်ကစားခဲ့သည့် ၁၉၉၂ ခုနှစ်ကတည်းက ယနေ့အထိ ပွဲပေါင်း ၆၀၀နီးပါး ပါဝင်ကစားပေးခဲ့ပြီး ဖြစ်သည်။

ညာနောက်ခံလူ နဗီးလ်သည် မန်ယူဂန္ထဝင်ကစားသမားများဖြစ်ကြသည့် ပေါစခိုးလ်၊ ရိုင်ယန်ဂစ်တို့နှင့်အတူ လက်တွဲကာ ပရီမီယာလိဂ် လက်ရှိချန်ပီယံ မန်ယူအတွက် တစ်နှစ်ထပ်မံကစားခွင့် ရရှိသွားပြီဖြစ်သည်။ (အင်တာနက်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ တိုက် (အက်ဖ်)၊ အခန်း (၃၀၁)၊ ပုလဲကွန်ဒိုမီနီယံ၊ ကမ္ဘာအေးဘုရားလမ်းတွင် ပါတီရုံးချုပ်တည်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၉-၄-၂၀၁၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS ၏ အလံပုံစံ

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ တိုက်(အက်ဖ်)၊ အခန်း ၃၀၁၊ ပုလဲကွန်ဒိုမီနီယံ၊ ကမ္ဘာအေးဘုရားလမ်းတွင် ပါတီရုံးချုပ်တည်ရှိသော ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR)က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၉-၄-၂၀၁၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR) ၏ အလံပုံစံ



၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR) ၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်၊ ရပ်ကွက်(၂)၊ အမှတ် (ခ/ဖ/၁၃၇)၊ ဒေါနလမ်း၊ နယ်မြေ(ဖ)တွင် ပါတီရုံးချုပ်တည်ရှိသော ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၉-၄-၂၀၁၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ အလံပုံစံ



ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အဆင့်မြင့်ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်း(၄)ခုနှင့် အခြားနို့တိုက်သတ္တဝါ ကျောက်ဖြစ်ရုပ်ကြွင်းများ ရှာဖွေတွေ့ရှိ

နေပြည်တော် ဧပြီ ၃၀

လူသားမျိုးနွယ်စု၏ မူလအစဖြစ်သည့် အဆင့်မြင့်ပရိုင်းမိတ်များနှင့် အခြားကျောက်ဖြစ်ရုပ်ကြွင်းများကို ရှာဖွေသုတေသနပြုရေးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (မြောက်ပိုင်း) ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်ဆွေ ဦးဆောင်လျက် သမိုင်းသုတေသနဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများပါဝင်သော ကွင်းဆင်း သုတေသနအဖွဲ့(၁)သည် ပုံတောင်ကျောက်လွှာစုအတွင်း ပရိုင်းမိတ်နှင့် အခြားကျောက်ဖြစ်ရုပ်ကြွင်းများ လေ့လာခြင်း၊ ဧရာဝတီကျောက်လွှာစုအတွင်း ပရိုင်းမိတ်နှင့် အခြားကျောက်ဖြစ်ရုပ်ကြွင်းများ လေ့လာခြင်း၊ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်း ကွင်းဆင်းသုတေသနပြုခြင်းလုပ်ငန်းများကို ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၁၉ရက်နှင့် ဒီဇင်ဘာ ၁၃ရက်က ဆောင်ရွက်ခဲ့သည်။

သုတေသနပြု

ပုံတောင်ကျောက်လွှာစုဖြစ်သော မြိုင်မြို့နယ် ပေါက်တောကျေးရွာ၏ အနောက်မြောက်ဘက်ကြာကန်ကျစ်ချောင်မှ ပုံတောင်ဂျီးယား (Pondaungia) အမျိုးအစား ပရိုင်းမိတ်၏ ညာဘက်အောက် အံသွား အမှတ်(၃)တစ်ခု၊ မြိုင်မြို့နယ် ပန်းကန်ရွာ၏ အနောက်ဘက်ရှိ ကျစ်ချောင် အမှတ်(၁)မှ အမ်ဖီပီးသီးကပ် (Amphipithecus) အမျိုးအစား ပရိုင်းမိတ်၏ ဘယ်ဘက်ပါးရိုး အပါအဝင် အကြိုအံသွား (Premolar) အမှတ်(၃)၊ အမှတ်(၄)နှင့် အံသွား အမှတ်(၂)တို့ပါဝင်သော အပေါ်မေးရိုးအပိုင်းအစ တစ်ခု အပါအဝင် ရှေးဦးသတ္တဝါ ၁၂မျိုးတို့၏ ရုပ်ကြွင်း ၁၀၉ ခု၊ ဧရာဝတီကျောက်လွှာ လေ့လာသုတေသနပြုရာ၌ ဆိပ်ဖြူမြို့နယ် ပိတ်ဆွယ်ကျစ်ချောင်မှ ကိုလိုဗိုင်း(Colobine)အမျိုးအစားပရိုင်းမိတ်၏ ဘယ်ဘက် အပေါ်အံသွား အမှတ်(၁) တစ်ချောင်းနှင့် ညာဘက်အပေါ် အံကြိုသွား အမှတ်(၃) တစ်ချောင်း စသည့်အဆင့်မြင့် ပရိုင်းမိတ်(၂)ခုအပါအဝင် စုစုပေါင်း အဆင့်မြင့် ပရိုင်းမိတ်(၄)ခုနှင့် ရှေးဦးသတ္တဝါ(၁၉)မျိုးတို့၏ ကျောက်ဖြစ်ရုပ်ကြွင်း (၁၈၇)ခု၊ အခြားနို့တိုက်သတ္တဝါ ကျောက်ဖြစ်ရုပ်ကြွင်းစုစုပေါင်း (၂၉၆)ခုတို့ကို ကွင်းဆင်းရှာဖွေ သုတေသနပြုနိုင်ခဲ့သည်။

ပိုမိုခိုင်မာ

ယနေ့အထိ ရှာဖွေတွေ့ရှိပြီးဖြစ်သည့် ပုံတောင်ပရိုင်းမိတ်များသည် သက်တမ်းအားဖြင့် နှစ်သန်းပေါင်း (၃၇ ဒသမ ၂) သန်းရှိပြီဖြစ်၍ ကမ္ဘာ့အခြားနေရာများတွင် ရှာဖွေတွေ့ရှိပြီးဖြစ်သော ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများထက် သက်တမ်းပိုမိုရှေးကျသည့်အပြင် အဆင့်မြင့်အင်္ဂါများလည်း ပါဝင်နေသဖြင့် မြန်မာတို့၏ အမျိုးသား အမွေအနှစ်များအဖြစ် ဂုဏ်ယူဖွယ်ရပ်တည်နိုင်ပြီဖြစ်သည်။ ထိုကဲ့သို့ မြန်မာနိုင်ငံရှိ ကျောက်လွှာများတွင် အဆင့်မြင့်ပရိုင်းမိတ်များနှင့် အခြား ကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိခဲ့သဖြင့် "မြန်မာအစ မြန်မာက" ဟူသော အဆိုကို ပိုမိုခိုင်မာလာစေခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြေးများအတွက် လူ့သမိုင်းပုံပြင် အတွဲ(၁) ပထမအကြိမ် စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၃၀

စာရေးဆရာ လှိုင်သင်းက မူရင်းစာရေးဆရာ ဟင်းဒရစ်ခ်ဝီးလ်လမ်ဗန်လုန်း၏ The Story of Man Kind စာအုပ်ကို မြန်မာဘာသာဖြင့် ပြန်ဆိုရေးသားထားသည့် မြေးများအတွက် လူ့သမိုင်းပုံပြင် အတွဲ(၁) စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါစာအုပ်အတွဲ(၁)တွင် အခန်း ၄၉ခန်းပါရှိပြီး ကံ့ကော်ဦးမွန်စာပေတိုက်မှ ထုတ်ဝေ၍ ပါရမီစာပေ အမှတ် ၂၃၀ ၂၉လမ်း ရန်ကုန်မြို့ ဖုန်း-၂၅၃၂၄၆ မှ ဖြန့်ချိကြောင်း သိရသည်။

(သတင်းစဉ်)



မြို့ရွာတစ်ခွင် သာစေချင်
မီးတွင်မပေါ့နှင့်

ငွေသော်တာကွင်း၌ တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် ဧပြီ ၃၀

ဒေါက်တာသာထွန်းဦးသည် ကစားဖော်များဖြစ်ကြသော ဦးမိုးသဲ (TODAY)၊ ဦးရေချမ်း (MAI)၊ ဦးဇော်မင်းအောင်၊ ဦးအားလီတို့နှင့်အတူ ဧပြီ ၁၂ ရက်က YCDC ငွေသော်တာကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Toppoint ဘောလုံးကို Katana Iron No(7)တုတ်ဖြင့်ရိုက်လိုက်ရာ ကိုက် ၁၄၀ အကွာအဝေးတွင်ရှိသော အမှတ်(၁၆)ကျင်းသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗြိတိသျှသိပ္ပံပညာရှင် အက်ဒွပ်အင်သိုနီဂျင်းနား

ကမ္ဘာ့အထင်ကရပုဂ္ဂိုလ်များ

တိုး-ရေးသားသည်

အက်ဒွပ်အင်သိုနီဂျင်းနားသည် ဗြိတိန်နိုင်ငံ ဂလောက်ဆက်စတာရှိုင်းယားနယ်

ဘာကလေမှ သဘာဝပတ်ဝန်းကျင်ကို လေ့လာသည့် ဗြိတိန်သိပ္ပံပညာရှင်တစ်ဦး ဖြစ်သည်။ ကျောက်ဆေးထိုးကာ ကျောက်ကြီးရောဂါ ကာကွယ်နိုင်မှုကြောင့် ဂျင်းနားကို စတင်တီထွင်သူအဖြစ် မှတ်တမ်းတင်ဂုဏ်ပြုကြရသည်။ ဂျင်းနား၏ ရှာဖွေဖော်ထုတ်မှုကြောင့်ပင် ကျောက်ကြီးရောဂါဖြင့် သေဆုံးမည့် လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့သည်။

အသက်ရှင်ကျန်ရစ်

သူ့ခေတ်သူ့အခါက ကျောက်ကြီးရောဂါဆိုလျှင် လူတွေတုန်လှုပ်ချောက်ချားကုန်သည်။ ကျောက်ပေါက်လျှင် သုံးဦးတွင် တစ်ဦးသေဆုံးသည်။ အသက်မသေပြန်လျှင်လည်း ကျောက်ပေါက်မာများဖြင့် ရုပ်ပျက်ဆင်းပျက် အသက်ရှင်ကျန်ရစ်သည်။

အက်ဒွပ်အင်သိုနီဂျင်းနားကို ၁၇၄၉ ခုနှစ် မေ၁၇ရက်တွင် ဗြိတိန်နိုင်ငံ ဂလောက်ဆက်စတာရှိုင်းယားနယ် ဘာကလေမြို့၌ မွေးဖွားသည်။

ပညာသင်ယူ

ဖခင်ဖြစ်သူ ခရစ်ယာန် သင်းအုပ်ဆရာက ဂျင်းနားကို မူလတန်းပညာသင်ယူရန် တစ်ကျောင်းပြီး တစ်ကျောင်းပို့ခဲ့သည်။ အသက် ၁၄နှစ်အရွယ်မှ စတင်၍ ခွဲစိတ်ဆရာဝန် ဒေါက်တာဒင်နီယယ်လပ်ဒ်လို၏ နောက်လိုက်တပည့်အဖြစ် ရှစ်နှစ်ကြာ ဆည်းပူးသင်ယူခဲ့သည်။ အသက် ၂၁နှစ်အရွယ် ရောက်သောအခါ လန်ဒန်မြို့ စိန့်ဂျော့ဆေးရုံကြီးမှ ကျော်ကြားသည့် ခွဲစိတ်ဆရာဝန်ကြီး ဂျွန်ဟန့်တား၏ လက်အောက်တွင် ဂျင်းနားပညာသင်ယူခဲ့သည်။

အက်ဒွပ်အင်သိုနီဂျင်းနားကို ၁၇၄၉ခုနှစ် မေ၁၇ရက်တွင် ဗြိတိန်နိုင်ငံ ဂလောက်ဆက်စတာရှိုင်းယားနယ် ဘာကလေမြို့၌ မွေးဖွား၊ ဖခင်ဖြစ်သူ ခရစ်ယာန်သင်းအုပ်ဆရာက ဂျင်းနားကို မူလတန်းပညာသင်ယူဖို့ တစ်ကျောင်းပြီးတစ်ကျောင်း ပို့ခဲ့သည်။ အသက် ၁၄နှစ်အရွယ်မှစတင်၍ ခွဲစိတ်ဆရာဝန် ဒေါက်တာဒင်နီယယ်လပ်ဒ်လို၏ နောက်လိုက်တပည့်အဖြစ် ရှစ်နှစ်ကြာ ဆည်းပူးသင်ယူခဲ့၊ အသက် ၂၁နှစ်အရွယ် ရောက်သောအခါ လန်ဒန်မြို့ စိန့်ဂျော့ဆေးရုံကြီးမှ ကျော်ကြားသည့် ခွဲစိတ်ဆရာဝန်ကြီး ဂျွန်ဟန့်တား၏ လက်အောက်တွင် ဂျင်းနား ပညာသင်ယူခဲ့။

သုတေသနပြု

စိန့်ဂျော့ဆေးရုံကြီးမှ သင်တန်းပြီးဆုံးသောအခါ ဂျင်းနားသည် ဆရာဖြစ်သူ ဂျွန်ဟန့်တား၏ အကြံပြုချက်အရ ဂလောက်ဆက်စတာနယ်သို့ပြန်ပြီး ဆေးကုသခဲ့သည်။ ထိုနယ်တွင် နွားကျောက်ပေါက်ပြီးသူများအနေဖြင့် ကျောက်ကြီးမပေါက်သည်ကိုတွေ့ရပြီး ကျောက်ကြီးရောဂါနှင့် နွားကျောက် ဆက်စပ်မှုကို ဒေါက်တာဂျင်းနား စူးစမ်းသုတေသနပြုတော့သည်။

ရွေးချယ်ခံရ

ကျောက်ကြီးရောဂါကို ကျောက်ဆေးထိုးကာကွယ်နိုင်ကြောင်း ဒေါက်တာဂျင်းနား တွေ့ရှိသည်။ ဗြိတိသျှပါလီမန်ကသူ့ကို ဆုတံဆိပ်နှင့်းချီးမြှင့်သည်။ ပေါင် ၁၀၀၀၀ ပေးအပ်သည်။ ၁၈၀၆ခုနှစ်တွင် ငွေအားထပ်မံ၍ ပေါင် ၂၀၀၀၀ချီးမြှင့်ပေးအပ်သည်။ ထိုနှစ်တွင် ဆွီဒင်တော်ဝင် အကယ်ဒမီသိပ္ပံ၏ နိုင်ငံခြားသားအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရသည်။ ၁၈၁၁ခုနှစ်တွင် လန်ဒန်သို့ပြန်လာသည်။ ၁၈၂၁ခုနှစ်တွင် ငွေအားဂျော့ဘုရင်၏ အထူးသမားတော်ကြီးအဖြစ် ခန့်ထားလိုက်သည်။ ၁၈၂၃ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ကွယ်လွန်ခဲ့သည်။ ။

(အင်တာနက်)

ဘဝအမောပြေ

ဖြစ်ရမယ်....

ညှော့ခံပွဲတစ်ခု၌ ချောမောလှပသည့် သမီးငယ်နှင့်အတူ ထိုင်နေသည့်ဖခင်ဖြစ်သူထံ အမျိုးသားတစ်ဦးရောက်ရှိလာပြီး မိတ်ဆက်စကားဆိုလေသည်-

အမျိုးသား ။ ။	မင်္ဂလာပါ.... ကျွန်တော့်နာမည် စမစ်ပါ။
ဖခင် ။ ။	ဟုတ်ကဲ့။
အမျိုးသား ။ ။	ကျွန်တော်က ရုပ်ရှင်ဒါရိုက်တာ တစ်ဦးပါပဲ။
ဖခင် ။ ။	သြော်.... ကောင်းတာပေါ့။
အမျိုးသား ။ ။	တစ်ခုလောက်ခွင့်တောင်းချင်ပါတယ်....
ဖခင် ။ ။	ပြောပါ။
အမျိုးသား ။ ။	အန်ကယ်ရဲ့ သမီးကို ရုပ်ရှင်မင်းသမီးအဖြစ် ရိုက်ကူးချင်လို့ပါ။
ဖခင် ။ ။	သြော်....
အမျိုးသား ။ ။	အဲဒါ.... ခွင့်ပြုပေးနိုင်မလား။
ဖခင် ။ ။	အင်း.... ရပါတယ်....ဒါပေမယ့်...
အမျိုးသား ။ ။	ဘာဖြစ်လဲခင်ဗျ.... ကျွန်တော်သရုပ်ဆောင်ခ ထိုက်ထိုက်တန်တန်ပေးမှာပါ။
ဖခင် ။ ။	ဒီလိုကွဲ့.... ဒါက အန်ကယ့်သားပါ။ မိန်းမစိတ်ပေါက်နေလို့။
အမျိုးသား ။ ။	'ဗျာ'

ဘဝဒဿန

* **Remember the door to opportunity swings two ways- in and out.**
- အခွင့်အလမ်းဟူသည့် တံခါးသည် "အတွင်းဘက်သို့"နှင့် "အပြင်ဘက်သို့" ဆိုသော ဘက်နှစ်ဖက်သို့ ပွင့်စေနိုင်သည်ကို သတိပြုပါလေ။

* **If you can show how time or materials can be saved, you can easily show how your paycheck can be increased.**
- သင်သာအချိန်နှင့် ပစ္စည်းချွေတာနိုင်မှုရှိလျှင် သင်၏ဝင်ငွေသည် အလွယ်တကူ တိုးလာသည်ကို တွေ့ရမည်ပင်။

* **Keep so busy going after what you want that you have no time to fear what you don't want.**
- သင်လိုချင်သည့် အရာနောက်သို့ လိုက်နေခြင်းဖြင့် အလုပ်များပါက သင်မလိုချင်သည့်ကိစ္စအတွက် ကြောက်လန့်နေရန် အချိန်ရှိတော့မည်မဟုတ်ပါ။

ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား

➤ တင်ပြသူ-မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု-ခင်သန္တာသိန်း (မြန်မာ့အလင်း)

ကမ္ဘာ့အပုညှက်ဆုံးမြင်း

အမေရိကန်နိုင်ငံ မစ်ဆောရီမြို့ပြင်ရှိ လယ်တဲတစ်ခု၌ လွန်ခဲ့သည့်တစ်နှစ်ခန့်က မွေးဖွားခဲ့သော မြင်းမလေးတစ်ကောင်မှာ မွေးဖွားစဉ်က အလေးချိန် ခုနစ်ပေါင်သာရှိသည်။ အဆိုပါ မြင်းမလေး၏ အရပ်အမြင့်မှာ ၁၀လက်မခန့်သာရှိသည်။ ယခု တစ်နှစ်သားအရွယ်၌လည်း ခန္ဓာကိုယ်အလေးချိန် ကိုးပေါင်သာရှိပြီး အရပ်အမြင့်မှာ ၁၇လက်မသာရှိရာ ကမ္ဘာပေါ်တွင် အပုညှက်ဆုံးမြင်းအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (ဝဲပုံ)

(အင်တာနက်)

ဟော့ဒေါ့မုန့်များ

အမြန်ဆုံးစားသောက်နိုင်သူ

ကနေဒါနိုင်ငံသား အသက် ၂၂နှစ်အရွယ် ဆန်ဂျို့အမည်ရှိ အမျိုးသားတစ်ဦးသည် နယူးယောက်မြို့တွင် မကြာမီကကျင်းပခဲ့သော ဟော့ဒေါ့စားပြိုင်ပွဲ၌ ဟော့ဒေါ့ ၅၉ခုကို အချိန် ၁၂မိနစ်အတွင်း အကုန်စားပြနိုင်ခဲ့သည်။ ဆန်ဂျို့သည် ယခင်စံချိန်ရှင်ဖြစ်သော ဂျပန်နိုင်ငံသား ကိုဘေယာရှီ တင်ထားခဲ့သော ဟော့ဒေါ့ ၅၃ခုကို အချိန် ၁၂မိနစ်အတွင်း စားပြနိုင်ခဲ့သည့်စံချိန်ကို ချိုးနိုင်ခဲ့သည်။ ဆန်ဂျို့သည် ကမ္ဘာပေါ်တွင် ဟော့ဒေါ့မုန့် အများဆုံးနှင့် အမြန်ဆုံးစားနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ ***(ယာပုံ)***

(အင်တာနက်)

ကမ္ဘာ့အသေးငယ်ဆုံး အဏုကြည့်မှန်ပြောင်း

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ လျှပ်စစ်အင်ဂျင်နီယာ တွဲဖက်ပါမောက္ခ အိုင်နိုဂန်အိုဇန် တီထွင်ပြုလုပ်ထားသော အဏုကြည့်မှန်ပြောင်းလေးမှာ အလေးချိန် ၄၆ဂရမ်သာရှိပြီး အလွန်သေးငယ်သော မှန်ဘီလူးလေးများတပ်ဆင်ထားသည်။ သို့သော် အလွန်သေးငယ်သော အစိတ်အပိုင်းလေးများကိုလည်း ထင်ရှားစွာ လေ့လာသုတေသနပြုနိုင်ရာ ကမ္ဘာ့အသေးငယ်ဆုံးအဏုကြည့်မှန်ပြောင်းအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ ***(အပေါ်ပုံ) (အင်တာနက်)***

ကန်ရှာတိုက်နယ်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများအား တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ ချီးမြှင့်ငွေများပေးအပ်

နေပြည်တော် မေ ၃၀

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေသည် မေ ၂၂ရက် နံနက်ပိုင်းက တာဝန်ရှိသူများလိုက်ပါလျက် ကန်ရှာတိုက်နယ်ဆေးရုံ၌ ဆေးကုသမှုခံယူသူများအား ချီးမြှင့်ငွေများပေးအပ်ကာ ဆေးရုံအတွင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် မေ ၂၃ရက် နံနက်ပိုင်းက ရွှေလောင်းကျေးရွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရှိ အပင်များ စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးသည် ဝန်ချောင်းကျေးရွာ ပန်းတာလုပ်ငန်းဆောင်ရွက်နေမှုနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ စိုက်ပျိုးရေးလုပ်ငန်းသုံး ဆေးဝါးများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် မေ ၂၄ရက်တွင် ဇလွန်မြို့ ဘူတာရုံဝန်ထမ်းအိမ်ရာ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းတာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်သည်များ မှာကြားသည်။

ထပ်ပိုးတင်

ထို့နောက် တိုင်းမှူးသည် ဟင်္သာတမြို့ ဧရာဝတီတာပေါင် ထပ်ပိုးတင်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ ဘုရားမြစ်ကမ်းအတွင်းတာပေါင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့နယ် သတင်း ထွေတလာ

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ရောင်းချလျက်ရှိသော ငါးပိ၊ လက်ဖက်များတွင် ဓာတုဗေဒဆိုးဆေးများပါဝင်မှု ရှိ မရှိ ကျန်းမာရေးမှူး(၂) ဦးမြတ်သူ၊ ဒုတိယဦးစီးမှူး(ဈေး) ဦးသန်းထွန်းနှင့် ဈေးတာဝန်ခံများ လိုက်လံစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်လှမင်း ဘောလုံးပြိုင်ပွဲတက်ရောက် အဖွင့်အမှာစကားပြော

နေပြည်တော် မေ ၃၀

ပဲခူးတိုင်း အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၂၅ရက် ညနေပိုင်းက တိုင်းအားကစားကွင်း၌ ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ဆက်လက်၍ တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကရင်ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲ တက်ရောက်

နေပြည်တော် မေ ၃၀

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းသည် တာဝန်ရှိသူများနှင့်အတူ မေ ၂၄ရက်က ဘားအံမြို့ သဘာဝဥယျာဉ်ရှိ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် ဘားမဲတောင်ပေါ်တွင် ရေကန်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌသည် ရသေ့ပုံကျေးရွာ နွေစပါးရိတ်သိမ်း ခြွေလှေ့နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌသည် ဘားကပ်-ကော့ဂွန်း-နှစ်ခြား-ဝဲကြီး-ရေကျော် လမ်းခင်းကျင်းနေမှုကိုလည်းကောင်း၊ ကော့ဂွန်းကျေးရွာနှင့် နှစ်ခြားကျေးရွာရှိ တူးမြောင်းတူးဖော်ထားရှိမှုနှင့် တူးမြောင်းတံတားတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဥက္ကဋ္ဌသည် တောင်သူကုန်းကျေးရွာ နွေစပါးရိတ်သိမ်းပွဲနှင့် စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌသည် မေ ၂၅ရက်က တာဝန်ရှိသူများနှင့်အတူ ပတ်ကျောစံပြကျေးရွာ အလင်းရောင် စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ စာကြည့်တိုက်ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပြည်နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌနှင့် အလှူရှင်များက စာကြည့်တိုက်အတွက် ရုပ်မြင်သံကြားဖမ်းစက်၊ စာအုပ်စာစောင်နှင့် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အနောက်ရပ်ကွက် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မန္တလေးခရိုင် မီးသတ်ဦးစီးအရာရှိ ဦးမြကြိုင်နှင့်အဖွဲ့ တစ်အိမ်တက်ဆင်းကွင်းဆင်းစစ်ဆေး ပညာပေးဟောပြောစဉ်။ (ဝ၉ဝ)

ကျေးရွာစာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်ညီရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဆွေးနွေး

အင်တော မေ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် အင်တောမြို့နယ်တွင် ဖွင့်လှစ်ပြီး ကျေးရွာစာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်နှင့် အညီဆောင်ရွက်ရေး၊ စာအုပ်စာစောင်တိုးပွားရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးကို အင်တောမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြူကြူလှိုင်က စာအုပ်စာစောင် တိုးပွားရေးနှင့် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များက မိမိတို့ကျေးရွာအလိုက် စာအုပ်စာစောင်တိုးပွားရေးနှင့် စာဖတ်ရှိန်မြင့်မားရေး အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

သစ်တောသစ်ပင် ဒို့ချင်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

မိုင်းလုံးရေစက်ရုံလမ်း ကတ္တရာလမ်းခင်း

လှိုင်ကော် မေ ၂၅

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် မိုင်းလုံး ရေစက်ရုံလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင် ကွင်းဆင်းစစ်ဆေးရာ လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

အမရပူရမြို့နယ် စာတိုးမြို့ပြင်ကြီးကျေးရွာ နရားပျံစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

မြစ်ငယ် မေ ၂၀

မန္တလေးတိုင်း အမရပူရမြို့နယ် စာတိုးမြို့ပြင်ကြီးကျေးရွာအုပ်စု နရားပျံစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ရက် နံနက် ၁၀နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။ အဆိုပါ စာကြည့်တိုက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုစိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်လှ၊ အလှူရှင် ဦးဌေးအောင်နှင့် ဒေါ်သိန်းဌေးမိသားစုက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ထို့နောက် အလှူရှင် ဦးဌေးအောင်နှင့် ဒေါ်သိန်းသိန်းဌေးတို့က အဆောက်အအုံနှင့် ပရိဘောဂများအတွက် ငွေကျပ် ၁၀၈သိန်းကိုလည်းကောင်း၊ ဦးရန်နိုင်အောင် မိသားစုက ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံးကိုလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြသည်။

တည်ဆောက်

အဆိုပါ စာကြည့်တိုက်သည် အလျား ၂၇ပေ၊ အနံ ၂၃ပေရှိပြီး အာရ်စီအမျိုးအစား တစ်ထပ်တိုက်ဖြစ်ကာ ငွေကျပ် ၁၀၈သိန်း အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

(ဝ၈ဝ)

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက် (၁)

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင် လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက် (၂)

ဆေးရုံသို့အမြန်ပြသပါ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာန

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှအိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

GREAT FATHER LAND CONSTRUCTION

(V-Pile Foundation)

Promotion

အချိန်မီလှမ်းလာခဲ့ပို့ဗိုတ်ခေါ်အပ်ပါသည်။

တစ်ဦးတည်းဖြစ်ကြောင်း

နမ့်ခမ်းမြို့၊ အောင်မင်္ဂလာရပ်ကွက်နေ ဦးမိုင်းလုမ်ကွဲ၊ ဦးဆမ်သိန်းနှင့် မောင်လုမ်ကွဲတို့သည် တစ်ဦးတည်းဖြစ်ကြောင်းနှင့် အိမ်ထောင်စုစာရင်းအရ နောင်တွင် ဦးမိုင်းလုမ်ကွဲ(ခ)ဦးဆမ်သိန်းဟု ခေါ်ဆိုပါရန်။ **ဦးမိုင်းလုမ်ကွဲ(ခ)ဦးဆမ်သိန်း ၁၃/နခန(နိုင်)၀၂၂၄၃၅။**

အမည်ပြောင်း

အဖဦးအောင်နိုင်၏သမီး တာချီလိတ်မြို့၊ အမက(တာလေ့)၊ စတုတ္ထတန်း(က)မှ မမြသွယ်ခိုင်အား မမြသီရိခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မမြသီရိခိုင်။**

အမည်ပြောင်း

ကျွန်တော် ဦးခင်မောင်ဝင်း၏သား ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ပဉ္စမတန်း(A) အောင် မောင်ရှင်းသန့်ဝင်းအား ယနေ့မှစ၍ မောင်ဝဏ္ဏရဲအောင်ဟုခေါ်ပါရန်။

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

တောင်ကြီးမြို့၊ ကံသာရပ်ကွက်၊ ရှုခင်းသာလမ်း၊ အိမ်အမှတ် ၂၈နေ ဦးကြည်ဟုန်က တောင်ကြီးမြို့ ကံသာရပ်ကွက်၊ ရှုခင်းသာလမ်း၊ အမှတ် ၂၈နေ မောင်လှမိုး ၁၃/တကန(ပြု)၀၀၀၀၇၈ထံသို့ လွှဲအပ်ထားသော ၇-၉-၂၀၀၆ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၃၀/၂၀၀၆)အား ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း။ **ဦးကြည်ဟုန် ၁၃/တကန(ပြု)၀၀၀၀၇၅။**

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မမ/၃၈၁၀၇၊ Honda Wave မော်တော်ဆိုင်ကယ်လက်ဝယ်ရှိသူ ဦးဌေးဝင်း ၆/မအရ(နိုင်)၀၁၄၅၉၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဦးစီးမှူးရုံး(မြိတ်)။**

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၁)၊ ဒုတိယတန်း(A)မှ မဇွန်ပွင့်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း ၁၂/ သခန(နိုင်)၀၉၀၅၄၉ဖြစ်ပါကြောင်း။

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ အိမ်အမှတ် ၁၈၁နေ ဦးသောင်းစိန်၏ မွေးစားသမီး မနှင်းနုနုစိန် ၁/မကန(နိုင်) ၁၄၆၃၁၃သည် ဆိုဆုံးမစကားကိုနားမထောင်ဘဲ မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် မွေးစားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းကိစ္စအဝဝအတွက် တာဝန်မယူပါ။ **(မေးမြန်းခြင်းသည်းခံပါ။) ဦးသောင်းစိန်။**

တစ်ဦးတည်းဖြစ်ကြောင်း

နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၄/ဒဒရ(နိုင်)၀၅၄၇၈၆ ကိုင်ဆောင်သူ ဦးမြင့်စိုး (အဖ ဦးဘိုးချော)နှင့် ဦးမြစိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အမှတ်(၁၇)ရပ်ကွက်၊ ခတ္တာလမ်း၊ မြေကွက်အမှတ် ၃၁၆၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိသော မြေကွက်အား တရားဝင်ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါ်ချိုချို အမ်ဂျီအီး-၁၁၆၈၃၀ က အဆိုပါမြေကွက်အား ရောင်းချတော့မည်ဖြစ်ပါသဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် အောက်ဖော်ပြပါလိပ်စာနှင့် ဖုန်းနံပါတ်သို့ဆက်သွယ်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဒေါ်ချိုချို (အမ်ဂျီအီး-၁၁၆၈၃၀)
အမှတ် ၁၇/၃၁၅၊ ရွှေပေါက်ကံ၊
ဖုန်း-၀၁-၆၉၅၅၅၆။

ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အလက-၃၊ တတိယတန်း(A)မှ စိုင်းစိုင်းနှင့် ပထမတန်း(B)မှ နီလာဝင်းတို့၏ ဖခင်အမည်မှန်မှာ စိုင်းထွန်းဝင်းဖြစ်ပါကြောင်း။ **စိုင်းထွန်းဝင်း။**

အမည်ပြောင်း

အဖဦးလှဝေ၏သား ကျိုင်းတုံမြို့၊ အထက-၄၊ သတ္တမတန်းမှ မောင်ထက်ဝေသူအား မောင်ထက်မြတ်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ထက်မြတ်ထွန်း။**

Sweet Angel - Nail Art & Beauty Training School

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ လူနေရပ်ကွက်အမှတ်-၃၊ မြေကွက်အမှတ်-၁၃၈/က၊ စတုရန်းပေ ၂၄၀၀၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ နှစ်၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၃၈/က၊ ရန်အောင်တိုးချဲ့(၂)လမ်း၊ ၃/ရန်ပြေ ရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံအပါအဝင် ဆက်နွှယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအား ပိုင်ဆိုင်ကြသူ (၁)ဦးမြ ၁၂/သကတ(နိုင်)၀၄၄၆၇၇၊ (၂)ဦးသန်းစိန် ၁၂/ဗတထ(နိုင်)၀၂၁၀၂၅၊ (၃)ဦးဘိုသိ(ခ)ဦးတင်ထွေး ၁၂/သကတ(နိုင်)၀၄၃၈၈၅ တို့သုံးဦးထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါအိမ်မြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

ဒေါ်ခင်နှင်းဆီ(တရားရုံးချုပ်ရှေ့နေနှင့် ဘဏ္ဍာရှေ့နေ)
အမှတ်-၁၁၇(ပထမထပ်)၊ ၃၉ လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၄၂၁၀၃၊ ၃၉၁၆၉၂
၀၉-၅၁၁၁၈၇၄၊ ၀၉-၅၀၃၂၇၄၃။

ပူဇော်ပွဲဖိတ်ကြားလွှာ

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်၊ အမှတ်၂၀(က)၊ ကမ္ဘာအေးဘုရားလမ်းရှိ ဓမ္မစကြာ ပဋ္ဌာန်ပတ်ရိပ်သာ ပဓာနနာယကဆရာတော် အရှင်ဉာဏသာမိ (သာသနဓဇသိရီပဝရဓမ္မာစရိယ)မထေရ်မြတ်အား အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်အတွက် ဂုဏ်ပြုပူဇော်ပွဲကို အဆိုပါရိပ်သာ၌ ၉-၅-၂၀၁၀ရက်(တနင်္ဂနွေနေ့)တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ တပည့်၊ ဒကာ၊ ဒကာမအပေါင်း၊ နဝကမ္မနှင့် လှူဖွယ်ဝတ္ထုတို့ကို ဆက်သွယ်လှူဒါန်းနိုင်ရန် အသိပေးကြေညာအပ်ပါသည်။ ပူဇော်ပွဲအခမ်းအနားအတွက် ဓမ္မစကြာဟိတကာရီအဖွဲ့ဝင်များထံသို့လည်းကောင်း၊ ဖုန်း-၀၁-၆၆၆၃၇၁သို့လည်းကောင်း ၃-၅-၂၀၁၀ရက်မှစ၍ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် ဂုဏ်ပြုပူဇော်ပွဲကို အဆိုပါရိပ်သာရှိ ဝိသာခါခန်းမကြီး၌ ၉-၅-၂၀၁၀ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ပြီး ဧည့်ပရိသတ်အပေါင်းတို့အား နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ဧည့်ခံကျွေးမွေးမည်ဖြစ်ပါကြောင်း ဓမ္မစကြာဟိတကာရီအဖွဲ့မှ အသိပေးကြေညာအပ်ပါသည်။ **ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ၊ ဖုန်း-၀၁-၆၆၆၃၇၁။**

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၁ယ/၄၈၀၂၆၊Yamaha DT 125 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်နိုင်ထွန်း ၉/မထလ(နိုင်)၂၁၃၈၄၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ပြည်နယ်ရုံး (လားရှိုး)။**

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်ကမ/၇၉၆၂၊Kenbo-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတိုးမောင် ၁၃/နဆန(နိုင်) ၀၀၅၁၈၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ ကျောက်မဲမြို့။**

အမည်ပြောင်း

အဖ ဦးမင်းအောင်၏ သား တနိုင်းမြို့၊ အမက(၁)မူလွန်ကျောင်း၊ သတ္တမတန်းမှ မောင်စိုင်းလင်းအောင်အား မောင်အောင်ချစ်မိုးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ချစ်မိုး။**

ဖခင်အမည်မှန်

မိုးကောင်းအထက(၁)၊အဋ္ဌမတန်းမှ မမို့မို့ဆွေ၊အမက(ကျွန်းတော)၊စတုတ္ထတန်းမှ မအိအိဆွေ၊ ပထမတန်းမှ မမေသူကျော်တို့၏ဖခင် အမည်မှန်မှာ ဦးအုန်းဖေ (ခ) ဦးမြင့်လွင် ၈/ထလန(နိုင်) ၀၃၅၂၁၇ ဖြစ်ပါသည်။

ဖခင်အမည်မှန်

လုံးခင်း အထကတွဲ သတ္တမတန်း(C)မှ မောင်ဇော်ခွမ်း၏ဖခင်အမည်မှန်မှာ ဦးဇော်ဆိုင်းဖြစ်ပါသည်။

တက်နေဝန်းစာကြည့်တိုက် အဆောက်အအုံသစ် မှော်ဘီမြို့နယ် ယင်းဒိုက်ပင်ကျေးရွာတွင်ဖွင့်

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ယင်းဒိုက်ပင်ကျေးရွာ တက်နေဝန်းစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၈ ရက် နံနက် ၁၁ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်ဥမ္မာငြိမ်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပြောကြား

ဆက်လက်၍ မြို့နယ်အတွင်းရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာဦးကဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရှင်သန်ရေး၊ စာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီညွတ်ရေး၊ စာအုပ်စာစောင်တိုးပွားရေး၊ ငွေပဒေသာပင်စိုက်ထူရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးတို့ကို ဟောပြော၍ သုတ၊ ရသ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးမြင့်စိန်က လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးရွာချင်းဆက်လမ်းနှင့် တံတားဖွင့်ပွဲ ဒေးဒရဲ၌ကျင်းပ

ဒေးဒရဲ ဧပြီ ၂၈

ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်တွင် တော်ကနိ၊ ညောင်လိမ်ကုန်းကျေးရွာ၊ ကရုဏာမြန်မာလူမှုရေးအဖွဲ့နှင့် ကျေးရွာနေပြည်သူများ ပူးပေါင်းဖောက်လုပ်တည်ဆောက်ထားသော ကျုံဒါတ်ကျေးရွာအုပ်စု တော်ကနိ၊ ညောင်လိမ်ကုန်းနှင့် ချောင်းသစ်ပေါက် ကျေးရွာချင်းဆက် ဒေသဖွံ့ဖြိုးရေးလမ်းနှင့် တံတားကို ဧပြီ ၂၄ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ တာဝန်ရှိသူများ၊ ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျေးရွာရပ်မိရပ်ဖပြည်သူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ကော့သောင်းမြို့ ဗိုလ်ချုပ်လမ်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းအတွင်း ချုံနွယ်များရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို ဧပြီ ၁ရက်က အဖွဲ့ဝင်ထမ်းများဖြင့်ဆောင်ရွက်ရာ ဒုတိယဦးစီးမှူး(သန့်) ဦးတင်အောင်လတ် ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တောင်ငူမြို့နယ် ကရင်ချောင်းကျေးရွာ နှစ်လက်မစက်ရေတွင်း ဖွင့်ပွဲကို မတ် ၂၆ရက်ကကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး၊ တာဝန်ခံအင်ဂျင်နီယာနှင့် ကျေးရွာဥက္ကဋ္ဌတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မီး သတိပြု

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

➢ သတင်းဆောင်းပါး - ခရမ်းစိုးမြင့်

➢ ဓာတ်ပုံမှတ်တမ်း - မိုးမြင့်လှိုင်

➢ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

ယခင်က ရေလမ်းခရီးဖြင့် ညအိပ်သွားရသည့် ပုသိမ်-မော်တင်စွန်းခရီး ၄ နာရီဖြင့် အရောက်သွားနိုင်မည့် (၉၆)မိုင် ကားလမ်း

အချိန်တိုအတွင်းပြီးစီးရန် ပြည်သူ့ဆောက်လုပ်ရေးက စွမ်းအားပြဖောက်လုပ်နေ

အဆင့်မြင့်ကတ္တရာလမ်းအဖြစ် ဖောက်လုပ်ခင်းကျင်းပြီးစီးနေပြီဖြစ်သော ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း တစ်စိတ်တစ်ဒေသကို ဤသို့ တွေ့ခဲ့ရသည်။

နေပြည်တော် ဧပြီ ၃၀

၂၀၀၉ ခုနှစ် နိုဝင်ဘာလ ၃ရက်နေ့မှ ၅ရက်အတွင်း နိုင်ငံတော်အကြီးအကဲ၏ ဧရာဝတီတိုင်းခရီးစဉ်တွင် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းကို နောင် ဆိုင်ကလုန်းမုန်တိုင်းဒဏ် ကျရောက်ခဲ့လျှင် အသက်ကယ်လမ်းမကြီးအဖြစ် အချိန်တိုအတွင်း တိုက်ရိုက်ထောက်ပံ့ ကူညီဆောင်ရွက်နိုင်ရန်နှင့် အခိုင်အမာလမ်းမကြီးအဖြစ်ဖောက်လုပ်ရန် လမ်းညွှန်ခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ ✳

ထူးခြားသည့် နေ့အပူချိန်

၃၀-၄-၂၀၁၀

မင်းဘူးမြို့	၄၃	ဒီဂရီစင်တီဂရိတ်
နေပြည်တော်(ရေဆင်း)	၄၂	ဒီဂရီစင်တီဂရိတ်
ညောင်ဦးမြို့	၄၂	ဒီဂရီစင်တီဂရိတ်
ချောက်မြို့	၄၂	ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၂	ဒီဂရီစင်တီဂရိတ်
သာယာဝတီမြို့	၄၂	ဒီဂရီစင်တီဂရိတ်